# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၇၀)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်၊ ၂၆–၅–၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လှိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

## ကျိုင်းတုံ - လှိုင်မွေလမ်း အဆင့်မြှင့်တင်ရာ၌ လမ်းကြောင်းရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လှိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ✰






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကျိုင်းတုံ-လှိုင်မွေလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၅**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ထိပ်ထားလိုင်စာပေမှ သုတ၊ ရသ၊ ကလေးစာပေများ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးမည်



**မန္တလေး မေ ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ကျုံးအရှေ့ဘက်ခြမ်း ပလက်ဖောင်း၊ ၁၄ လမ်း၊ ၆၆ လမ်း၊ နန်းရှေ့၊ အလုပ်သမားဆေးရုံကြီးအနီးတွင် ထိပ်ထားလိုင်စာပေက သုတ၊ ရသ၊ ကလေးစာပေ အစရှိသည်တို့ကို မေ ၂၆ရက်မှ ဇွန် ၁၅ရက်နေ့ထိ လစဉ် ရက် ၂၀ကို နေ့စဉ် နံနက် ၈နာရီမှ ည ၇ နာရီထိ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမှာဖြစ်ကြောင်း ထိပ်ထားလိုင်စာပေမှ သိရသည်။

အဆိုပါ စာအုပ်ရောင်းချမည့်အစီအစဉ်တွင် စိတ်ကြိုက်ရွေးယူ တစ်အုပ် ၂၀၀၀ ကျပ်တန်တိုက်ထုတ်စာအုပ်မျိုးစုံနဲ့အတူ လက်ရှိ လူကြိုက်များနေသော မိုတီဗေးရှင်းစာအုပ်များကိုလည်း ထိပ်ထားလိုင်စာပေတွင် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သည်။

ထို့ပြင် ထိပ်ထားလိုင်စာပေအနေဖြင့် ၂၀၂၄၊ နိုဝင်ဘာလမှ စတင်ပြီး ယနေ့ချိန်ထိ စာကြည့်တိုက်များအတွက် အထူးနှုန်း ၁၀ ရာခိုင်နှုန်းလျှော့ပြီး ရောင်းချပေးလျက်ရှိသည်။ လိုအပ်သည့်စာအုပ်များ မှာယူလိုပါလျှင် ထိပ်ထားလိုင်စာပေ ၀၉-၄၅၀၉၂၀၀၀၅ ကို ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေသော်လည်း ပြည်တွင်းသုံး ကုလားပဲ၊ နှမ်း၊ မြေပဲများ ဈေးကောင်းရရှိ၊ ဝယ်လိုအားကောင်းနေ

**မန္တလေး မေ ၂၅**

ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေသော်လည်း ပြည်တွင်းသုံး ကုလားပဲ၊ နှမ်းနှင့် မြေပဲများ ဈေးကောင်းရရှိဝယ်လိုအားကောင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။

မန္တလေးမြို့ ပဲ-နှမ်းဈေးကွက်တွင် မြေပဲဆန်နှင့် နှမ်းမျိုးစုံဈေးကွက်မှာ ဈေးကောင်းရရှိနေကြောင်း၊ ပြည်တွင်းမြေပဲဆီသုံးစွဲမှုမြင့်တက်လာတာကြောင့် ဆီထွက်သီးနှံများ ဝယ်လိုအားကောင်းနေကြောင်း၊ ပြည်တွင်းသုံးကုလားပဲနှင့် ကျွန်းစားတော်ပဲများ ဈေးအမြင့်ရရှိနေကြောင်း၊ ပို့ကုန်ပဲများသာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်သုံးသိန်းအောက်တွင်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က မန္တလေးနေ့စဉ်ကို ပြောသည်။

"ပြည်တွင်းသုံး ကုလားပဲနဲ့ နှမ်းတွေကတော့ ဈေးကောင်းရလာပါတယ်။ ပို့ကုန်ပဲတွေကတော့ဈေးငြိမ်နေတယ်။ ပြည်တွင်းသုံးကုလားပဲတွေကတော့ ပို့ကုန်သွားတာမဟုတ်သော်လည်း လှောင်လက်သမားများ ဝယ်လိုအားကြောင့် ဈေးမြင့်တက်နေတာပါ။ ဧပြီတစ်လလုံး အရောင်းအဝယ်မကောင်းသော်လည်း မေလဆန်းပိုင်းကစပြီး ကုန်စည်ဒိုင်မှာ အရောင်းအဝယ်အားလုံး ပြန်ကောင်းနေပါပြီ။ လက်ရှိတွင် ပြည်တွင်းမှာ လက်ရှိပေါက်ဈေးများထက် ကျဆင်းစရာရှိသလို ပို့ကုန်ပဲ၊ ပြည်တွင်းသုံးပဲတွေ ဈေးငြိမ်နေနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

မေ ၂၅ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၁၀၀၀-၂၇၂၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၁၀၀၀-၂၈၂၀၀၀၊ ပဲတီစိမ်း (အညာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၃၀၀၀ ပေါက်ဈေးရှိနေပြီး ပုံမှန်သာအရောင်းအဝယ်ဖြစ်နေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ပြည်ပတင်ပို့မှုမရှိသော်လည်း လက်ရှိအချိန်တွင် ဝယ်လိုအားကောင်းနေသောကြောင့် V2 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၃၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ 929ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများတွင် ကျွန်းစားတော်ပဲနှင့် ပဲနီပြာတို့မှာ အမြင့်ဈေးတွင်ရှိနေရာ မေ ၂၅ ရက်တွင် ပဲလွန်းပြာတစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀-၂၈၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀-၃၂၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀-၄၁၅၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၀-၅၀၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ဆီထွက်သီးနှံများ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကောင်းနေရာ လက်ရှိအချိန်တွင် ဈေးအနည်းငယ် ပြန်လည်ကျဆင်းမှုရှိသော်လည်း နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၅၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၉၀၀-၁၀၁၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀-၄၉၅၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

(အောက်ပုံ)

(ရွှေမန်း)



## မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော 11/1.4 KV ထရန်စဖော်မာများ အန္တရာယ်ကင်းရှင်းရေး ဝင်းခြံများ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော ဌာနပိုင် 11/1.4 KV ထရန်စဖော်မာများ ဝင်းခြံများ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သောအဖွဲ့သည် မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော ဌာနပိုင် 11/1.4 KV ထရန်စဖော်မာများ အန္တရာယ်ကင်းရှင်းရေး ဝင်းခြံများ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သတိပေးဆိုင်းဘုတ် (Danger Sign Board)များ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀-၀-၀

၀-၀-၀-၀

---

၂၀၂၅ ခုနှစ်၊ မေ ၂၆ ရက်၊ တနင်္လာနေ့။

**မန္တလေး**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အချိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိ

ကမ္ဘာ့နိုင်ငံအချို့နှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ အပါအဝင် ဒေသတွင်းနိုင်ငံအချို့တွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများ လတ်တလောမြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း။ ဒေသတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အနည်းငယ်မြင့်တက်လာသော်လည်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ အိုမီခရွန် ဗီဇပြောင်းမျိုးကွဲများသည် XBB နှင့် JN.1 တို့မှ မျိုးရိုးဗီဇပြောင်းလာသော ရောဂါပိုးများဖြစ်ပြီး ရောဂါပိုမိုပြင်းထန်မှုနှင့် ပိုမိုသေဆုံးမှုမရှိကြောင်း။ လက်ရှိထိုးနှံနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေကို ထိရောက်စွာလျှော့ချနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မေ ၂၃ ရက်မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည့် ရာသီတွင်ဖြစ်ပွားတတ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ထည့်သွင်းပြောကြားခဲ့သည်။

မိုးရာသီကာလ စိုစွတ်သည့် ရာသီဥတုအခြေအနေကြောင့် အသက်ရှူလမ်းကြောင်းမှ ကူးစက်တတ်သော ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများကို ပိုမိုအားဖြည့် စောင့်ကြပ်ကြည့်ရှုရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာအရေးပေါ်အခြေအနေအဖြစ်မှ ရုပ်သိမ်းခဲ့သော်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံဖြတ်ကျော်ဝင်ထွက်ပေါက်များဖြစ်သော အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလက္ခဏာရှိသူများကို ဓာတ်ခွဲစစ်ဆေးခြင်း၊ မျိုးရိုးဗီဇပြောင်းလဲမှုစစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း အစရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှု၍ အပတ်စဉ်သတင်းထုတ်ပြန်ခြင်းအား ဆောင်ရွက်လျက်ရှိရာ ယခုရက်သတ္တပတ်တွင် အနည်းငယ်မြင့်တက်လာသော်လည်း ပြင်းထန်လူနာနှင့် အထူးကြပ်မတ်ကုသမှုပေးရသော လူနာများမရှိခြင်း၊ သေဆုံးသူမရှိခြင်းတို့ကြောင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း။ ဦးစားပေးအုပ်စုများကို ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများကို ထိုးနှံပေးခြင်းအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ SARS CoV-2 မျိုးရိုးဗီဇပြောင်းလဲမှုအား စဉ်ဆက်မပြတ်စောင့်ကြပ် ကြည့်ရှုလျက်ရှိရာ ယခုအထိတွေ့ရှိရသောဗီဇပြောင်းပိုးများသည် ကမ္ဘာ့နိုင်ငံများတွင်လည်း ကူးစက်လျက်ရှိပြီး ပြင်းထန်မှုမရှိသည့် မျိုးကွဲများဖြစ်သည့်အတွက် လက်ရှိထိုးနှံပေးနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြင့် ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ-လွိုင်မွေလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းသို့ ရောက်ရှိကြသည်။ ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း လွိုင်မွေဒေသသို့ရောက်ရှိစဉ် ခရီးစဉ်လမ်းညွှန်ချက်များအား လိုက်နာ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်း လျာထားမှုတို့နှင့် ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံဒေသနှင့် လွိုင်မွေဒေသတို့တွင် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေဝေရေလဲ ဧရိယာများအတွင်းရှိ သစ်တောသစ်ပင်များအား ခုတ်ထွင်ခြင်းမပြုဘဲ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ယာခုတ်ထွင်ခြင်းသည်လည်း သစ်တောသစ်ပင်များကို ဆုံးရှုံးစေနိုင်သည့်အတွက် ကုန်းမြင့်လယ်ယာ စနစ်ကို ဖော်ဆောင်ပေးရန် လိုကြောင်း၊ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လွိုင်မွေကန်၌ လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံ - လွိုင်မွေလမ်း အဆင့်မြှင့်တင်ရာ၌ လမ်းကြောင်း ရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေကန်သို့ရောက်ရှိကြပြီး လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်မွေမြို့ (၁၀၇)နှစ် သက်တမ်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် မေ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံများတွင် မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုများကို ပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



## ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၁)ဂိတ်အဝင်ကြိုးတံတားနှင့် မုခ်ဦး၊ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိခန်းမဆောင်နှင့် အမျိုးသားလွှတ်တော်အဆောက်အအုံတို့ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား စနစ်တကျဖြင့် ဖြစ်နိုင်သမျှအမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်သွားရန်နှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး အတွက် နည်းပညာကျွမ်းကျင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများကို စနစ်တကျဖြင့် ဖြစ်နိုင်သမျှအမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်သွားရန်နှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် နည်းပညာကျွမ်းကျင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အသုံးပြုသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၃ မှ

လှိုင်မွေမြို့ ၁၀၇ နှစ် သက်တမ်းရှိ တိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နှစ် ၁၀၀ စံအိမ်သို့ရောက်ရှိကြပြီး စံအိမ်အတွင်း ခင်းကျင်းပြသထားသည့် လှိုင်မွေမြို့သမိုင်းနှင့်အထင်ကရနေရာများ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထို့နောက် စံအိမ်ကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စံအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်သွားရန် လိုကြောင်း၊ လိုအပ်သည့် အိမ်အသုံးအဆောင်ပရိဘောဂများကိုလည်း မူလလက်ရာများအတိုင်း ပြုလုပ်၍ ထည့်သွင်းခင်းကျင်းထားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

## ဖူးမြော်ကြည်ညို

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လှိုင်မွေတောင်စခန်းမြို့ရှိ စတုရဌ္ဌသုမင်္ဂလစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စေတီတော်ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တဝေပုလ္လ အားဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဖွဲ့ဝင်များနှင့်အတူ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ စေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ဗြိုဟ်ဒေသတိုင်းစစ်ဌာနချုပ် ရွှေဗြိုဟ်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးဆန်လူ၊ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက်တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေဟောင်းများနှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်တစ်ခုဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

- ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်
- ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်

★ စာမျက်နှာ ၅ မှ

မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဖြစ်ပေါ်စေရေးအတွက် ကောင်းမွန်စေလိုသည့်စိတ်ဖြင့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်**ကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်စေရေး အခြေခံပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ မိမိတို့သည် ပြည်ထောင်စု နိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ရုံးသုံးဘာသာစကားနှင့် စာပေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တတ်မြောက်ထားရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်ထောင်စုစနစ်ပညာရေးကို သင်ကြားရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့် တက်ရောက်အောင်မြင်ပြီးချိန်တွင် ပြည်တွင်းရှိ တက္ကသိုလ်များသို့ တက်ရောက်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုပြီး အဆင့်မြင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ဒေသတွင်း အသားငါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်ကလည်း လိုအပ်သည်များကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍လည်း နိုင်ငံတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျေးလက်ဒေသများအဆင့်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ က တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးတင်ပြရာတွင် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အကြီးအကဲများအား တွေ့ဆုံခွင့်ရသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဥက္ကဋ္ဌဟောင်းကြီး ကွယ်လွန်ဆုံးပါးခဲ့ချိန်တွင်လည်း နိုင်ငံတော်နှင့် ပြည်သူများက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီက ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ချိန်တွင် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ ထိခိုက်ဆုံးရှုံးခဲ့ရမှုများအတွက်လည်း မိမိတို့အနေဖြင့် ထပ်တူဝမ်းနည်းမိပါကြောင်း၊ မိမိတို့အနေဖြင့် အထူးဒေသ(၄)အတွင်းရှိ လုပ်ငန်းရှင်များနှင့် ပြည်သူများပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ **မိမိတို့ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)၏ သဘောထားခံယူချက်အနေဖြင့် နှစ် ၃၀ ကျော် ကျင့်သုံးလာခဲ့သည့်အတိုင်း နိုင်ငံတော်က ချမှတ်ထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး စသည့် တို့တာဝန်အရေးသုံးပါးအတွက် အမြဲကထားဆောင်ရွက်လျက်ရှိကြောင်း**၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက်လည်း ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့ဒေသအတွင်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ဒေသအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနှင့် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းကိုမျှ လက်ခံထားခြင်းမရှိကြောင်း၊ **မိမိတို့အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းရေး လုပ်ငန်းရပ်များအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မိမိတို့ဒေသအတွက် လိုအပ်သည်များကိုလမ်းညွှန်မှာကြားဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့ကို အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ရာ NDAA(မိုင်းလား)အဖွဲ့မှ ဒေသထွက် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တက်ရောက်လာကြသူများက အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ် အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေး ကော်မတီအဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပြီး နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းဖြစ်သူ H.E. Mr. Tran Duc Luong ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းဖြစ်သူ H.E. Mr. Tran Duc Luong သည် ၂၀၂၅ ခုနှစ် မေ ၂၀ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သီရိမင်္ဂလာလမ်း လမ်းသွယ်(၁) အမှတ်၄၀(အေ)ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်နိုင်ငံသံရုံးသို့ သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် ဗီယက်နမ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

H.E. Mr. Tran Duc Luong သည် ဗီယက်နမ်နိုင်ငံ၏ သမ္မတအဖြစ် ၁၉၉၇ ခုနှစ် စက်တင်ဘာလမှ ၂၀၀၆ ခုနှစ် ဇွန်လအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက်(၈၈)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



⁜ စာမျက်နှာ ၂၄ မှ

ထိုသို့ BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန် တို့ကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ၎င်းဆိပ်ကမ်း၌ လွှဲပြောင်းပေးပြီး အဆိုပါ ရောက်ရှိလာသည့် အောက်တိန်းနှင့် ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများသို့ စွမ်းအင်ဝန်ကြီးဌာနမှ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

ဆက်လက်၍ သီလဝါ(MITT)ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ တို့ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က ရန်ကုန်တိုင်းဒေသကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ၎င်းဆိပ်ကမ်း၌ လွှဲပြောင်းပေးပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့် အခြေအနေများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(မြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲပြန်လည်ဖြေဆိုမည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြား



နေပြည်တော် မေ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည်နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဇော်မြင့် နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိ မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ ဇေယျာသီရိ မြို့နယ်ရှိ ကျောက်ချက်အထက် တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက် တန်းကျောင်းများသို့ သွားရောက် ၍ အဆိုပါကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပြန်လည်ဖြေဆိုရန် စခန်းသွင်း လေ့ကျင့်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြား သည်။

ထိုသို့ တွေ့ဆုံရာတွင် ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တာဝန်ရှိသူ များသည် ကျောင်းသား ကျောင်းသူ များ၏ သင်ခန်းစာများ ပြန်လည် လေ့ကျင့် ကျက်မှတ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ က ကျောင်းသား ကျောင်းသူများ အတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကျောင်းသား ကျောင်းသူများ အနေဖြင့် စာမေးပွဲ အောင်မြင်စွာ ဖြေဆိုနိုင်ရေး ကြိုးစားကျက်မှတ် ကြရန်နှင့် ကျောင်းသား ကျောင်းသူ များ စိတ်အေးချမ်းသာစွာ စာသင် ကြားနိုင်ရေးအတွက် နေထိုင် စားသောက်ရေးကိစ္စရပ်များအဆင် ပြေစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ ရွာသစ်ကြီး ကျေးရွာရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

**ဖြည့်ဆည်းပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး သည် တက္ကသိုလ် အစည်းအဝေး ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ရေ၊ မီးရရှိမှု အခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ခွင့်ပြု ငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြု ငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက် ပျက်စီးမှုများနှင့် ပြင်ဆင် ဆောင်ရွက်မည့်အခြေအနေဆိုင်ရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကျောင်းဝင်းအတွင်း ရှိ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ သက်သာချောင်ချိရေး အရောင်း ဆိုင်၊ မွေးမြူရေး အစာစပ်စက်ရုံ၊ ခေတ်မီ အားကစားကွင်းနှင့် အားကစားရုံ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများ၊ ဝန်ထမ်း မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ သက်သာချောင်ချိရေးအတွက် ဥစားကြက်၊ အသားစားကြက်၊ ငါးခူမွေးမြူရေး ဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် ရာသီ သီးနှံ စိုက်ပျိုးရေး ဆောင်ရွက် ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- ❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

(၂၅-၅-၂၀၂၅)

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် မေ ၂၅

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော **"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** (Forum on Rebuilding Myanmar: Post-Earthquake Economic Recovery) သုံးသပ်ဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲတွင် "မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ"၊ "စီးပွားရေး ပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"၊ "စီးပွားရေး ပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း" စသည့် ခေါင်းစဉ်သုံးခုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ (Observer) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခင်းအကျင်းနှင့် ပထဝီစီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲကျင်းပနေမှုကို MOI Website အပါအဝင် Myanmar Narrative Facebook Page၊ MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။




သုံးသပ်ဆွေးနွေးပွဲတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https:// myanmarnaarrative.org/၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း- ၀၆၇ ၃၄၁၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး အခွန့်ရှည်စွာ တည်တံ့နိုင်ရေးနှင့် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် မဟာမုနိဘုရားကြီးရှေ့တော်၌ ကျင်းပသော မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ "နဝမ"အကြိမ် ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ မဟာဓမ္မကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်လာကြသော ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာမုနိဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို တင်ပြလျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒများ ခံယူကြသည်။ ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကေသရထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့သွားရောက်၍ မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ရန် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် ဩဝါဒါစရိယဆရာတော်ကြီးများနှင့်အတူ မဟာမုနိဘုရားကြီး၏ ဂန္ဓကုဋီတိုက်အတွင်းပိုင်းနှင့် အပြင်ပိုင်း ကြံ့ခိုင်မှုအခြေအနေများ၊ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ရှေးမူမပျက်ဆောင်ရွက်နေသည့်အခြေအနေများနှင့် ဘုရားကြီး၏ ဘဏ္ဍာတော်တိုက် ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှု အခြေအနေများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နှင့် ရန်မျိုးလုံရပ်ကွက်တို့ရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံများအား စက်ယန္တရားများဖြင့် ဖြိုချရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများအား ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့် ပစ္စည်းများကို ကျွမ်းကျင်သူများနှင့်တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်ရေး အသေးစိတ်ဆွေးနွေးပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် ကသဲစုကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ရှိ မြန်မာ့သံတော်မြတ်ကုမ္ပဏီလီမိတက် ကြံနှစ်ကောင် ဘိလပ်မြေစက်ရုံရှိ လိုင်းအမှတ်(၁)မှ ဘိလပ်မြေထုတ်လုပ်နေမှုအခြေအနေနှင့် လိုင်းအမှတ်(၂)အား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆင်မင်းဘိလပ်မြေစက်ရုံနှင့် ALPHA ဘိလပ်မြေစက်ရုံတို့၌ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## စစ်မှန်သော ဘက်စုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဟု တရုတ်ဝန်ကြီးချုပ် လီချန်း ဂျကာတာမြို့တွင် ထုတ်ဖော်ပြောကြား



**ဂျကာတာ မေ ၂၅**

တရုတ်နှင့် အင်ဒိုနီးရှားတို့သည် 'စစ်မှန်သော ဘက်စုံပူးပေါင်းဆောင်ရွက်မှု'ကို မြှင့်တင်သွားမည်ဟု တရုတ်ဝန်ကြီးချုပ် လီချန်းက မေ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။


၎င်း၏ အရှေ့တောင်အာရှ အကြီးဆုံးစီးပွားရေးအခြေစိုက်ရာ အင်ဒိုနီးရှားနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်ဖြင့် ဂျကာတာမြို့သို့ ရောက်ရှိချိန်တွင် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ယခုနှစ်အစောပိုင်းတွင် ၎င်း၏ ကမ္ဘာ့ကုန်သွယ်ရေးမိတ်ဖက်များအပေါ် ကုန်သွယ်ခွန်များ မြှင့်တင်မည်ဟု ကြေညာခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ဒေသတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ခဲ့သည်။

အချို့သော ကုန်သွယ်ခွန်များကို ရွှေ့ဆိုင်းထားပြီး တရုတ်နှင့် အမေရိကန်တို့သည် ယခုလအတွင်း ၎င်းတို့၏ အချို့သော ကုန်သွယ်ခွန်များကို ခေတ္တရပ်စဲရန် သဘောတူညီခဲ့သည်။

အင်ဒိုနီးရှား၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံအား အမေရိကန်နိုင်ငံက အင်ဒိုနီးရှားအပေါ် သက်ရောက်မည့် ကုန်သွယ်ခွန်များကို လျှော့ချရန် ကမ်းလှမ်းချက်များစွာကို ပေးအပ်ခဲ့သည်။

တရုတ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံဆက်ဆံရေးသည် ဒေသတွင်း တည်ငြိမ်မှုအတွက် အဓိကအရေးပါပြီး အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံကို စက်မှုလုပ်ငန်းနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော မိတ်ဖက်တစ်ဦးအဖြစ် ရှုမြင်သည်ဟု လီချန်းတက်ရောက်ခဲ့သည့် စီးပွားရေးခေါင်းဆောင်များ အခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုက ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## တူရကီသမ္မတအာဒိုဂန်ဦးဆောင်သော အဆင့်မြင့်အရာရှိများ ဆီးရီးယားယာယီသမ္မတ အာမက်အယ်လ်ရှာရာကို လက်ခံတွေ့ဆုံ

**အစ္စတန်ဘူလ် မေ ၂၅**

ဆီးရီးယားယာယီသမ္မတ အာမက်အယ်လ်ရှာရာသည် အနောက်နိုင်ငံများ၏ ဆီးရီးယားအပေါ် ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းခံရချိန်တွင် အစ္စတန်ဘူလ်မြို့၌ တူရကီသမ္မတ အာဒိုဂန်ဦးဆောင်သော အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းခြင်းကို ကြိုဆိုသည်ဟု သမ္မတအာဒိုဂန်က ထုတ်ဖော်ပြောကြားကြောင်း သမ္မတရုံး၏ အိတ်ခ်စ်လူမှုကွန်ရက်စာမျက်နှာတွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားနယ်မြေအတွင်း အစ္စရေး၏ သိမ်းပိုက်မှုနှင့် ရန်လိုမှုများကို လက်မခံနိုင်သဖြင့် ဆက်လက် ကန့်ကွက်သွားမည်ဆိုသော သမ္မတအာဒိုဂန်အနေဖြင့် 'ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သော အကြောင်းအရာများ'ကို ဆွေးနွေးခဲ့ကြောင်း ဖော်ပြခဲ့သည်။

သတင်းမီဒီယာများကို ပိတ်ပင်ထားသော အစည်းအဝေးသို့ တူရကီနိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့် တူရကီကာကွယ်ရေးစက်မှုလုပ်ငန်းအတွင်းရေးမှူးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အီလွန်မတ်စ်၏ အိတ်ခ်စ်လူမှုကွန်ရက်မီဒီယာပလက်ဖောင်း ဝန်ဆောင်မှုအဟန့်အတား ကြုံတွေ့ခဲ့ပြီးနောက် ကောင်းမွန်လာ

**ဝါရှင်တန် မေ ၂၅**

အီလွန်မတ်စ်၏ အိတ်ခ်စ်လူမှုကွန်ရက်မီဒီယာပလက်ဖောင်းသည် အမေရိကန်ပြည်ထောင်စုရှိ သောင်းချီသောအသုံးပြုသူများအား သက်ရောက်မှုရှိခဲ့သော ဝန်ဆောင်မှုအဟန့်အတား ကြုံတွေ့ခဲ့ပြီးနောက် မေ ၂၄ရက်တွင် အသုံးပြုသူအများအပြားအတွက် ပြန်လည်ကောင်းမွန်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အရှေ့ပိုင်းစံတော်ချိန် နံနက် ၈ နာရီ ၅၁ မိနစ်တွင် အမြင့်ဆုံးဖြစ်ပွားခဲ့ပြီး ထိုလူမှုမီဒီယာပလက်ဖောင်းနှင့် ပတ်သက်သော ပြဿနာများကို အသုံးပြုသူများအပါအဝင် အရင်းအမြစ်များစွာမှ အခြေအနေအစီရင်ခံစာများကို စုစည်းကာ ခြေရာခံရရှိသော အချက်အလက်ပေါင်း ၂၅၈၀၀ ကျော် ရှိခဲ့သည်။

"တစ်ရက်မှာ ၂၄နာရီ တစ်ပတ်မှာ ၇ရက်လုံးလုံး ကျွန်တော် အလုပ်ပြန်လုပ်နေပါပြီ။ အစည်းအဝေးခန်း၊ ဆာဗာခန်း၊ စက်ခန်းတွေထဲမှာပဲ အိပ်နေတယ်။ အိတ်ခ်စ်အေအိုင်၊ တက်စလာ၊ နောက်အပတ်လွှတ်တင်မယ့် စတားရှစ်တို့ကို အထူးအာရုံစိုက်ရမယ်။ အရေးကြီးတဲ့ နည်းပညာတွေ ထွက်ရှိလာတော့မယ်"ဟု အီလွန်မတ်စ်က ၎င်း၏ အိတ်ခ်စ်အကောင့်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

**Mon**



## စင်ကာပူ၏ ဧပြီလအခြေခံငွေကြေးဖောင်းပွမှုပမာဏ ခြောက်လအတွင်း ပထမဆုံးအကြိမ် တိုးမြင့်လာခဲ့

**စင်ကာပူ မေ ၂၅**

စင်ကာပူ၏ အခြေခံငွေကြေးဖောင်းပွမှုသည် ဧပြီလတွင် ပထမဆုံးအကြိမ် နှစ်အလိုက် တိုးတက်လာခဲ့ပြီး ခြောက်လအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အခြေခံငွေကြေးဖောင်းပွမှုသည် သီးသန့်သယ်ယူပို့ဆောင်ရေးနှင့် နေထိုင်မှုစရိတ်များမပါဝင်ဘဲ ဧပြီလတွင် ၀ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာ မတ်လတွင်ရှိခဲ့သော လေးနှစ်အတွင်း အနိမ့်ဆုံးဖြစ်သည့် ၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် စစ်တမ်းတစ်စောင်တွင် ခန့်မှန်းထားသည့် ၀ ဒသမ ၅ ရာခိုင်နှုန်းထက် မြင့်မားနေသည်။

ဧပြီလတွင် ငွေကြေးဖောင်းပွမှုတိုးတက်မှုသည် ဝန်ဆောင်မှုနှင့် အစားအသောက်စရိတ်များ တိုးမြင့်လာပြီး လက်လီနှင့် အခြားကုန်ပစ္စည်းများ၏ ငွေကြေးဖောင်းပွမှုကျဆင်းမှုထက် ပိုမိုများပြားနေကြောင်း သက်ဆိုင်ရာက မေ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့က ဧပြီလတွင် စုစုပေါင်းငွေကြေးဖောင်းပွမှုသည် ၀ ဒသမ ၉ ရာခိုင်နှုန်းတွင် ရှိနေဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အခြေခံငွေကြေးဖောင်းပွမှုတိုးတက်မှုကို နေထိုင်မှုစရိတ်နှင့် သီးသန့်သယ်ယူပို့ဆောင်ရေးစရိတ်များ လျော့နည်းသွားခြင်းက ထိန်းညှိပေးထားသောကြောင့်ဖြစ်ကြောင်း သိရသည်။

**Mon**

STOP AIDS



တရုတ်နိုင်ငံ ရှန်တောင်းပြည်နယ်၊ ရှန်တောင်းဆိပ်ကမ်းတွင် သင်္ဘောပေါ်မှချသော ကွန်တိန်နာများကို ကုန်ရထားတစ်စီး ဆွဲယူသယ်ဆောင်လာသည်ကိုတွေ့ရစဉ်။

**Mon**

## ဩစတြေးလျအရှေ့ပိုင်းဒေသများတွင် ရေကြီးမှုများကြောင့် အိမ်ခြေအနည်းဆုံး ၁၀၀၀၀ ခန့် ပျက်စီးခဲ့သည်ဟု ခန့်မှန်းရ

**ကင်ဘာရာ မေ ၂၅**

ယခင်အပတ်က ဩစတြေးလျ အရှေ့ပိုင်းဒေသများတွင် ရေကြီးမှုများကြောင့် လူငါးဦး သေဆုံးပြီး သောင်းနှင့်ချီသောလူများ ပိတ်မိနေခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အရှေ့ပိုင်းကမ်းရိုးတန်းဒေသတွင် လူနေအိမ်ခြေအနည်းဆုံး ၁၀၀၀၀ခန့် ပျက်စီးခဲ့သည်ဟု ခန့်မှန်းရပြီး ပျက်စီးမှုအခြေအနေများကို သက်ဆိုင်ရာက စစ်ဆေးလျက်ရှိကြောင်း နယူးဆောက်သ်ဝေးပြည်နယ် အရေးပေါ်ဝန်ဆောင်မှုဌာနက အတည်ပြုသည်။

ယင်းဌာန၏ ဖြည့်စွက်တင်ပြချက်အရ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုများကြောင့် မွေးမြူရေးတိရစ္ဆာန်များ ပျောက်ဆုံးခဲ့ပြီး လူနေအိမ်များ ပျက်စီးခဲ့သော်လည်း ယခင်အပတ်နှောင်းပိုင်းမှစ၍ အခြေအနေများ သက်သာလာခဲ့သည်။

ဩစတြေးလျနိုင်ငံသားများအတွက် လက်ရှိလိုအပ်ချက်များနှင့် ပြန်လည်ထူထောင်ရေးအတွက် အထောက်အပံ့များ ရရှိစေရန် ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများနှင့် နီးကပ်စွာ ဆက်လက်လုပ်ဆောင်နေပါသည်ဟု ဝန်ကြီးချုပ် အယ်လ်ဘာနီးစ်က အိတ်ခ်စ်လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။

အခြေအနေများ တိုးတက်လာသော်လည်း ရာနှင့်ချီသော နေထိုင်သူများသည် ရွှေ့ပြောင်းရေးစခန်းများတွင် ဆက်လက် ရှိနေပြီး တစ်ညအတွင်း ကယ်ဆယ်ရေး ၅၂ ကြိမ် ပြုလုပ်ခဲ့ရသည်ဟု ပြည်နယ်အရေးပေါ်ဝန်ဆောင်မှုဆိုင်ရာ ကော်မရှင်နာ မင်းကြီးမိုက်ခ်ဝပ်ဆင်းက ရှင်းပြကြောင်း သိရသည်။

**Mon**




## အန်းဒရစ် တံကောက်ကြောဒဏ်ရာကြောင့် နှစ်လခန့်အနားယူရဖွယ်ရှိ



**မက်ဒရစ် မေ ၂၅**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အန်းဒရစ် တံကောက်ကြောဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး အန်းဒရစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လာမည့် ဇွန်လတွင် ကလပ်ကမ္ဘာ့ဖလား ကစားရန်ရှိသည့် ရီးရဲလ်မက်ဒရစ်အသင်း အတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ အန်းဒရစ်သည် ရီးရဲလ်မက်ဒရစ် အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်အကောင်းဆုံး ကစားသမားဆုကို ဆာလာ ဆွတ်ခူး



**လန်ဒန် မေ ၂၅**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်အကောင်းဆုံး ကစားသမားဆုကို လီဗာပူး အသင်းတိုက်စစ်မှူး ဆာလာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လီဗာပူးအသင်းအား ပရီးမီးယားလိဂ် ချန်ပီယံဆု ဆွတ်ခူးရရှိအောင် အစွမ်းကုန် စွမ်းဆောင်ပေးနိုင်ခဲ့သလို၊ အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် ၃၇ပွဲကစားပြီး ၂၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာလာသည် ကစားသမားဘဝတစ်လျှောက်တွင် ပရီးမီးယားလိဂ် ချန်ပီယံဆုကို နှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

ထို့ပြင် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် အကောင်းဆုံးလူငယ်ကစားသမားဆုကို လီဗာပူးအသင်း ကွင်းလယ် ကစားသမား ဂရာဗန်ဘတ်ချ်က ဆွတ်ခူးနိုင်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**



## ၂၀၁၆-၂၀၁၇ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီးမီးယားလိဂ်သို့ ဆန်းဒါးလန်းအသင်းပြန်လည်တန်းတက်ခွင့်ရရှိ

**ပါရီ မေ ၂၅**

ဆန်းဒါးလန်းအသင်းသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီးမီးယားလိဂ်သို့ တစ်ကျော့ပြန် ပြန်လည်တန်းတက်ခွင့် ရရှိခဲ့ပြီဖြစ်သည်။

ဆန်းဒါးလန်းအသင်းသည် လိဂ်ချန်ပီယံရှစ် Play-offs ပွဲစဉ်အဖြစ်ရှက်ဖီးလ်ယူနိုက်တက် အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ဝဲပုံ)**

ဆန်းဒါးလန်းအသင်းထုတ်ပြန်ချက်တွင် "အခုလို ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်ခွင့်ရရှိခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအနေနဲ့ လည်း လာမည့် ဘောလုံးရာသီသစ် ပရီးမီးယားလိဂ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် နွေရာသီဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအား ဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(NGB)**

## လူးဝစ်ကမ်ပို့စ် ပီအက်စ်ဂျီအသင်းနှင့် ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ မေ ၂၅**

ပီအက်စ်ဂျီအသင်းသည် အသင်းအားကစားဒါရိုက်တာ လူးဝစ်ကမ်ပို့စ်အား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ အားကစားဒါရိုက်တာကို လက်ရှိအချိန်တွင် ခေါ်ယူလိုသည့် အသင်းများစွာ ရှိနေခြင်းကြောင့် ပီအက်စ်ဂျီအသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။



အသက်(၆၀)နှစ်အရွယ်ရှိ လူးဝစ်ကမ်ပို့စ်က "ကျွန်တော် ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ပီအက်စ်ဂျီအသင်းကိုလည်း ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားဦးမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**



## ချာလ်တန်အသင်း လိဂ်ချန်ပီယံရှစ်သို့ တန်းတက်ခွင့်ရရှိ

**လန်ဒန် မေ ၂၅**

လိဂ် ၁ကလပ် ချာလ်တန်အသင်းသည် လိဂ်ချန်ပီယံရှစ်သို့ ပြန်လည်တန်းတက်ခွင့် ရရှိခဲ့ပြီဖြစ်သည်။

ချာလ်တန်အသင်းသည် လိဂ် ၁ Play-offs ပွဲစဉ်အဖြစ် လေတန်အိုရီယန့်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူပြီးနောက် လိဂ်ချန်ပီယံရှစ်သို့ ပြန်လည်တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ချာလ်တန်အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၃၁မိနစ်တွင် ဂေးလ်လက်စ်ဖီက သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ချာလ်တန်အသင်း လိဂ်ချန်ပီယံရှစ်သို့ တက်ရောက်နိုင်ခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။ **(NGB)**

## အန်တိုနီအား ခေါ်ယူရန် အက်သလက်တီကို မက်ဒရစ်အသင်း စိတ်ဝင်စား



**မက်ဒရစ် မေ ၂၅**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား အန်တိုနီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ဘက်တစ်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ၂၄ပွဲကစားပြီး ၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းကလည်း အန်တိုနီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် မန်ချက်စတာယူနိုက်တက်အသင်းထံမှ အန်တိုနီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

0-0-0-0-0-0-0-0



## ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုအား စတုဂတ်အသင်းဆွတ်ခူး

**မြူးနစ် မေ ၂၅**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုအား စတုဂတ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

စတုဂတ်အသင်းသည် ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲအဆင့်တွင် ဘီလီဖီးလစ်အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

စတုဂတ်အသင်း ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

ထို့ပြင် စတုဂတ်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုအား လေးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းလည်း ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## 2025 Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Flavio Cobolli ဆွတ်ခူး

**မြူးနစ် မေ ၂၅**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Flavio Cobolli က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Flavio Cobolli သည်2025 Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ် ကစားသမား Andrey Rublev ကို ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ Flavio Cobolli က "ကျွန်တော် အခုလို2025Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ယာပုံ)**

**(NGB)**



# Grade-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့် လျှောင်ကယ်ဆယ်ကူညီရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မဟာအောင်မြေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၂၃ ရက်က သံလျက်မော်အနောက်ရပ်ကွက်၊ ၄၀၅ (အေ)တိုက်တန်းတွင် ဖွင့်လှစ်ထားသော လျှောင်ဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ကူညီရေးစခန်းတွင် ရှမ်းပြည်နယ်တောင်ကြီးမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သန့်လေးသန့် အပါအဝင် ကျန်းမာရေးအသိပညာပေးခြင်း၊ လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ဖြစ်စေရန် နှစ်သိမ့်ဆွေးနွေးခြင်း၊ ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ သောက်သုံးရေများအား ရေသန့်ဆေးပြားခတ်ခြင်း၊ သန့်စင်ခန်းများနှင့် အမှိုက်ပုံးများအား ဆေးဖျန်းခြင်း၊ ကြွက်အပါအဝင် အခြားပိုးကောင်များနှိမ်နင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။



အလားတူ ပြည်ကြီးတံခွန်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်ကြီးတံခွန်မြို့နယ် Grade-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား သင်ကြားလေ့ကျင့်ပေးလျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ လက်သန့်ဆေးရည်နှင့် Markများဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၀၄၅)



# ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

**ဆင်ပေါင်ဝဲ မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကြည်သင်းက ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ထောက်ပံ့ပေးသည့် ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံ၊ ဘောလ်ပင်၊ ပုံနှိပ်စာအုပ်များနှင့် ဝတ်စုံများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်ပညာရေးမှူးတို့က အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ဆရာ၊ ဆရာမများထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၀-၀-၀-၀-၀-၀-၀

# စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးရုံးသင်တန်းခန်းမတွင် ကျင်းပ

**မန္တလေး မေ ၂၅**

စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး သင်တန်းခန်းမတွင် မေ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

နည်းပညာပေးသင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းခရိုင်ရှိ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးကို လက်တွေ့ပညာပေးဆောင်ရွက်နေသည့် စိုက်ပျိုးရေးဝန်ထမ်း ၁၀၀ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က စပါးသီးနှံကို ဝမ်းစာဖူလုံရေး၊ ပြည်ပတင်ပို့နိုင်ရေးအတွက် စပါးသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးကို နိုင်ငံတော်မှတွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများသည် အတွေ့အကြုံဗဟုသုတ၊ နည်းပညာများ ပြည့်ဝစွာဖြင့် တောင်သူများကို ပညာပေးနိုင်မှသာ တောင်သူများနှင့် ပူးပေါင်းပြီး စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် တစ်တိုင်းလုံးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဝန်ထမ်းများ ပူးပေါင်းကြိုးစားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ သင်တန်းကို စည်းကမ်းတကျ တက်ရောက်၍ ဗဟုသုတဆည်းပူးလေ့လာကြရန်၊ စိုက်ပျိုးနည်းပညာများကို မိမိတို့ တစ်ဦးချင်း ဆက်လက်လေ့လာသွားကြရန်နှင့် တောင်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါနည်းပညာပေးသင်တန်းတွင် စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်း၊ မျိုးသန့်သုံးစွဲရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ အချိန်ကိုက် အချိုးကျသုံးစွဲရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲ၍ အပင်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

စပါးသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းများကို ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်တို့တွင် ကျင်းပခဲ့ပြီး ကျန်ရှိသော ရမည်းသင်း၊ ညောင်ဦး၊ မြင်းခြံခရိုင်တို့တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၃)

၀-၀-၀-၀-၀-၀-၀-၀



# ငါးမွေးတောင်သူများကို ရွှေဝါငါးကြင်း ငါးသားပေါက်များ ထောက်ပံ့ ပေးအပ်

**နမ့်စန် မေ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ၂၀၂၄ ခုနှစ်စက်တင်ဘာအတွင်း ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်၍ ရေကြီးနစ်မြုပ်မှု ဒဏ်ခံခဲ့ရသည့် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၂၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး လွိုင်လင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်က ငါးသားပေါက် ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နမ့်စန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွိုင်လင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်နှင့်တာဝန်ရှိသူများက နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့ရှိ ကျေးရွာများမှ ငါးမွေးတောင်သူ ရှစ်ဦး၏ ၃၉ ဒသမ ၈၈ ဧကအတွက် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၃၉၈၈၀ ကောင်ကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





# အောင်ချမ်းသာစာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နမ့်စန် မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နမ့်စန်ကျေးရွာအုပ်စု၊ အမှတ်(၁)ကျေးရွာရှိ "အောင်ချမ်းသာ" စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၂၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါစာကြည့်တိုက်သို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်က ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေးကိစ္စရပ်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဌာနမှ ကူညီဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် နမ့်စန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းထွန်းအေး၊ အမှတ်(၁)ကျေးရွာတာဝန်ခံနှင့် ရပ်မိ၊ ရပ်ဖများက စာကြည့်တိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာအုပ်၊ စာစောင်အသစ်များ ဖြည့်တင်းရေး၊ ပရိဘောဂများ ဖြည့်ဆည်းရေး၊ ရန်ပုံငွေရှာဖွေရေးနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး "အောင်ချမ်းသာ" စာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိန်းသိမ်းကြီးကြပ်မှုကော်မတီနှင့် စာကြည့်တိုက်ကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## အခြေခံပညာကျောင်းများတွင် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်စတင်လက်ခံ



**မကွေး မေ ၂၅**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မကွေးမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၂ ရက် နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မကွေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးအတွက် ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတက်နှုန်း မြင့်မားလာစေရန်၊ အခမဲ့ပညာရေးစနစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျောင်းအပ်နှံရာတွင် ကျောင်းသားအားလုံးကို မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမရှိဘဲ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ စာရေးကိရိယာများ၊ ဗလာစာအုပ်နှင့် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံတစ်စုံစီအား ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည်။

မကွေးမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၄ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ၂၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၅၁ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၄၇ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၉ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၈ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်းခွဲ သုံးကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ၂၀၆ ကျောင်း အပြင် ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း ၆၀၀၀၀ ကျော်ရှိကြောင်း တိုင်းပညာရေးမှူးရုံးထံမှ သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## သတင်းဆောင်းပါးရေးသားနည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် မေ ၂၅**

ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ သတင်းဆောင်းပါးရေးသားနည်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းကို ဆက်လက်သင်ကြားရာ ဒုတိယညွှန်ကြားရေးမှူးက ဆောင်းပါးအမျိုးအစားများ၊ ဆောင်းပါးတစ်ပုဒ်ရေးသားရာတွင် အခြေခံရမည့်အချက်များ၊ ဆောင်းပါးသတင်းတည်ဆောက်ပုံ၊ ဆောင်းပါးဟူသော စကားလုံး၏ ဝေါဟာရအနက်အဓိပ္ပာယ်၊ ဆောင်းပါးခေါင်းစဉ်၊ နိဒါန်း၊ စာကိုယ်၊ နိဂုံးတို့တွင် စကားလုံးအသုံးပြုပုံများ၊ ကိန်းဂဏန်းများ သုံးစွဲပုံ၊ စကားလုံးအသုံးအနှုန်းများနှင့် ရှောင်ကြဉ်ရမည့်အချက်များကို စာတွေ့၊ လက်တွေ့သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမန္တလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သမန္တလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ၌ ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် သတ္တမအကြိမ်မြောက်ရှိပြီဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ရန်ပုံငွေကျပ် ၅၉ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူးထံက သိရသည်။ **(အပေါ်ပုံ)**

(၄၄၅)

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား မေ ၂၅**

နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာစွာ နေနိုင်စေရေး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဒေသအလိုက် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၂၄ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့၊ နန်းကွေ့ကျေးရွာ နယ်မြေ(၅)ရှိ ဓမ္မပါရဂူရေဦးကျောင်းတိုက် ဆွမ်းစားဆောင်တွင် မြစ်ကြီးနားမြို့နယ် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူးများက ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆေးကုသမှုကွင်းဆင်းဆောင်ရွက်ရာတွင် ဓမ္မပါရဂူရေဦးကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒက ကြွရောက်တော်မူလာသည့်ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံမှ ခေတ္တဆေးရုံအုပ် တိုင်းရင်းဆေးမှူး ဒေါ်အေးအေးမြင့်က ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ၊ မီးဖိုချောင်မှ ဆေးဝါးဓာတ်စာများ၊ ကွင်းဆင်းကုသပေးနိုင်သည့် ရောဂါများအား အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးမှူးများက ကြွရောက်တော်မူလာသည့် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာသည့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါ၊ လေငန်းလေဖြတ်ရောဂါ၊ နှာစေး၊ ခေါင်းကိုက် စသည့် အထွေထွေရောဂါများအား စမ်းသပ်စစ်ဆေးကုသပေးကာ ဆရာတော် ဘဒ္ဒန္တရာဇိန္ဒက ကြွရောက်တော်မူလာသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၍ ဒေသခံပြည်သူများအား အာဟာရဒါနထမင်း၊ ဟင်းများ ကျွေးမွေးခဲ့ပြီး ဆရာတော်၊ သံဃာတော် ၂၁ ပါးနှင့် ဒေသခံပြည်သူ ၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။

(၄၄၄)

၀-၀-၀-၀-၀-၀-၀

## ဧပြီလအတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၂၀၀ ကျော်တင်ပို့ခဲ့

၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်စဖြစ်သည့် ဧပြီလအတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၂၀၀ ကျော် တင်ပို့ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်စ ဧပြီလအတွင်း ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် (၂၃၆ ဒသမ ၉၁)တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၀ ဒသမ ၃၅၅) သန်းကျော် ရရှိခဲ့သည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် (၉၆ ဒသမ၂၁)တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၄၃၁၅ ဒေါ်လာရရှိခဲ့ပြီး ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် (၁၄၀ ဒသမ ၇)တန် တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂၁၁၀၅၀ ဒေါ်လာ ရရှိခဲ့သည့်အတွက် စုစုပေါင်း မက်ထရစ်တန် (၂၃၆ ဒသမ ၉၁)တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ (၀ ဒသမ ၃၅၅) သန်းရရှိခဲ့ခြင်း ဖြစ်သည်။

ပျားရည်ကို ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံသို့ အဓိက တင်ပို့လျက်ရှိပြီး ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်နှင့် လိုင်ချီးပျားရည်ဟူ၍ ထုတ်လုပ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



ဝတ္ထုတိုကဏ္ဍ

# မြင်ကွင်းကျယ် အချစ်ဝတ္ထု

နေမျိုး



**၁၉-၅-၂၀၂၅ ရက်စွဲပါ စာမျက်နှာ ၁၄မှ အဆက်–**

တိုက်တာ၊ အိမ်ရာ၊ အဆောက်အအုံ၊ ဓာတ်တိုင်၊ လမ်းမများနှင့် မြို့ကလေးတစ်ခုလုံးမှာ ရေခဲစိမ်ထားသည့်နှယ် အေးစက်စက်ဖြစ်နေခဲ့၏။ ကျွန်တော်သည် အင်္ကျီပွကြီးကို တစ်ဆောင်းတွင်းလုံး ဝတ်ဆင်ကာ ညညများတွင် မေးချင်းတဂတ်ဂတ် ရိုက်နေခဲ့ရ၏။ (နောင်လာမည့် နှစ်သန်းပေါင်းတစ်ရာခန့်တွင် အပူအအေးကွာဟချက် ကြီးမားသော ဤမြို့ကလေးသည် သဲကန္တာရကြီးတစ်ခု၏ ဗဟိုချက်မ တစ်နေရာပင် ဖြစ်လာနိုင်စရာရှိသည်။)

ဆောင်းညများတွင် နှင်းများ တအိအိကျဆင်းလာပုံ၊ ပြာမှိုင်းမှိုင်းနှင်းမှုန်များက လူတစ်ယောက်ကိုပင် နစ်မြုပ်ပျောက်ကွယ်သွားစေပုံ၊ နှင်းစက်များဖြင့် အေးစက်စက်ဖြစ်နေသောမြက်ခင်းတစ်ခုထဲမှာ မှုံမှုံရှုရှု၊ ချမ်းချမ်းစီးစီးနှင့် ကျွန်တော်လျှောက်သွားနေခဲ့ပုံတို့မှာ ယခုလို မှန်းကြပ်လှောင်အိုက်လှသော နွေနေ့များတွင် ပြန်လည်အမှတ်ရဖွယ်ဖြစ်နေပြန်သည်။ ဆောင်းဦးပေါက်ညတစ်ညတွင် ကျွန်တော်ပိုင်ဆိုင်ခဲ့ဖူးသော သစ်တော်သီးကလေးနှစ်လုံးကိုတောင် ပြန်လည်သတိရလာမိ၏။ ကျွန်တော် ခင်မင်ရင်းနှီးခဲ့ဖူးသော မိန်းမတစ်ယောက်ကို သတိရလာမိ၏။ ပြီးတော့ ကျွန်တော်တစ်ယောက်တည်း ဖျားနေခဲ့သော ညများကိုလည်း သတိရလာမိသည်။

ဆောင်းညများတွင် ကျွန်တော် ဖျားနေခဲ့သေး၏။ ကျွန်တော့်မှာ အိပ်ရာထဲတွင် လဲကာ ပြုစုမည့်သူ၊ မေးမြန်းမည့်သူ မရှိဘဲ ဖြစ်နေခဲ့ပါသည်။ ယခင်က ထိုသို့ ကျွန်တော်ဖျားနာလေ့မရှိ။ တစ်ခုသော ဆောင်းညနက်နက်တွင် မြက်ခင်းပြင်တစ်ခုမှ အမူးပြယ်ကာ နိုးထလာခဲ့၏။ ကျွန်တော့်အခန်းကလေးသို့ ပြန်လာခဲ့ပါသည်။ ကျွန်တော့်အခန်းသို့ ပြန်ရောက်ပြီးနောက် နံနက်လင်းသောအခါတွင် တဟွပ်ဟွပ်နှင့် နှာစေးချောင်းဆိုးနေခဲ့ပါတော့သည်။ ခြေဖျား၊ လက်ဖျားများလည်း အေးစက်နေခဲ့၏။ နောက်တော့ ကျွန်တော်ဖျားသည်။ ကျွန်တော်သည် အဖျားဒဏ်ကြောင့် အိပ်ရာထဲတွင် လဲပါတော့သည်။ အိပ်ရာထက်တွင် စစ်စောင်ကြီးကို ခြုံ၍ လဲလျောင်းကာ နှစ်ရက်တိတိ ကုန်ဆုံးအောင် နေခဲ့ရ၏။(တစ်ခါတစ်ရံ ကျွန်တော်က အစာမစားဘဲ နှစ်ရက်သုံးရက်မျှ နေနိုင်စွမ်းရှိပါသည်။) ကျွန်တော့်မှာ ပြုစုမည့်သူ၊ ကုသမည့်သူ မရှိဘဲ နာရီပေါင်းများစွာ ကြာမြင့်အောင် အိပ်ရာထဲတွင် လဲနေခဲ့ရပါသည်။ သို့သော် ကံအားလျော်စွာပင် သုံးရက်မြောက်သောနေ့၌ တံခါးခေါက်သံကို အိပ်ရာထဲမှ ပထမဆုံး စတင်ကြားရလေသည်။ တံခါးခေါက်သံ တဒေါက်ဒေါက်မှာ နံရံများကို ထိမှန်ကာ တိတ်ဆိတ်နေသော အခန်းကလေးထဲ၌ အဆက်မပြတ် လွင့်စဉ်ပေါ်ထွက်လာသည်။ ကျွန်တော်သည် မျက်နှာပေါ်ထိ အုပ်ထားသော စောင်ကို ဆွဲချလိုက်သည်။ တံခါးခေါက်သံတဒေါက်ဒေါက်က အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် ထွက်ပေါ်နေဆဲပင်။

‘အဟွပ်... အဟွပ်... အွတ် ... အွတ်... ဟွပ်... အဟွပ်’

ကျွန်တော့်ချောင်းဆိုးသံသည် ဒယီးဒယိုင်ဖြစ်ကာ အခန်းအပြင်ဘက်သို့ ထွက်ကျသွားလေသည်။ ကျွန်တော်သည် တအွတ်အွတ်မြည်ကာ ကုန်းထလိုက်သည်။ စောစောက တဒေါက်ဒေါက် မြည်နေသော တံခါးခေါက်သံများ တိခနဲ ရပ်သွားသည်။ ကျွန်တော့်အခန်းတံခါးမှာ ဆွဲဖွင့်၍ရသော အမျိုးအစားမဟုတ်။ အတွင်းဘက်က တပ်ဆင်ထားသည်ဖြစ်ရာ တွန်းဖွင့်လိုက်ပါက အလွယ်တကူ ပွင့်သွားမည်သာ ဖြစ်လေသည်။ ကျွန်တော်သည် အိပ်ရာထက်မှ စားပွဲပေါ်ရှိ ဆေးလိပ်တစ်တိုကို လှမ်းယူလိုက်သည်။ ထိုအခိုက်မှာပင် တံခါးပေါက်သည် ကျွီ... ခနဲ ပွင့်သွားတော့၏။

‘ဝင်ခဲ့မယ်နော်’

‘အဟွတ်...အွတ်... ဟုတ်ကဲ့၊ အွတ်...ခင်ဗျ အဟွတ်... အဟွတ်’

‘အို...ရှင် နေမကောင်းဘူး ထင်တယ်၊ ဖျားများနေသလား’

အစပထမတွင် ကျွန်တော်က ဦးခေါင်းကို ယမ်းပြရန် ကြံလိုက်သေး၏။ သို့သော် ဧည့်သည်က ကျွန်တော့်အနီးသို့ ရောက်လာကာ လက်ကို (ခွင့်ပင်မတောင်းတော့ဘဲ)ဆုပ်ကိုင်ကြည့်ပြီး..

‘ဟုတ်တာပေါ့၊ ရှင် ဖျားနေတာကိုး’

ကျွန်တော် မည်သို့မျှ မငြင်းနိုင်တော့ပဲ ဦးခေါင်းကို ညိတ်ပြလိုက်ရတော့သည်။ ကုလားထိုင်ပေါ်မှ ကျွန်တော်ဖတ်လက်စ စာအုပ်များကို ဆွဲယူဖယ်ရှားရင်း သူ့ကို ထိုင်ဖို့ ပြောလိုက်သည်။

‘ခု... ဘာဆေးတွေ သောက်ထားသလဲ’

ဧည့်သည်မ,သည် အတော်ပင် အမေးအမြန်းထူ၍ စပ်စပ်စုစုနိုင်ပုံရ၏။ ကျွန်တော်သည် မဖြေသေးဘဲ ဆေးလိပ်တိုကို ကောက်ယူကာ နှုတ်ခမ်းတွင် တပ်ဆင်လိုက်သည်။ ပြီးမှ

‘အဲ့ဒီစာအုပ်ပေါ်က မီးခြစ် လှမ်းလိုက်စမ်းပါဗျာ’

သူမသည် ပခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့်လိုက်ရင်း မီးခြစ်ဘူးကို လှမ်းယူကာ ကျွန်တော့်ကို ပေးလိုက်၏။ ကျွန်တော်က မီးခြစ်ကို ဆွဲခြစ်ကာ ဆေးလိပ်တိုကို အားပါးတရ ဖွာရှိုက်ပစ်လိုက်သည်။

‘အဟွပ်... ဟွပ်... ကျွန်တော် ဆေးမသောက်ဖြစ်ဘူး၊ ဆေးလိပ်ပဲ သောက်ဖြစ်တယ်’

သူမသည် လုံးထွေးထွက်လာသော မီးခိုးငွေ့များကို လက်တစ်ဘက်ဖြင့် ဝေ့ယမ်းဖယ်ရှားပစ်လိုက်ရင်း ကျွန်တော့်ကို ပြောပြန်သည်။

‘ဆေးလိပ်သောက်လို့ ရှင့်ကိုရှင် ပြန်ကျန်းမာလာမယ် ထင်နေသလား’

‘နေစမ်းပါဦး ခင်ဗျားက ဒီကိုလာတာ ဘာကိစ္စလဲ၊ ခင်ဗျားက ဆရာဝန်လား’

ကျွန်တော်က သူမကို ပြန်၍ မေးခွန်းထုတ်သောအခါ ဧည့်သည်မ,သည် စားပွဲခုံကို သွယ်လျသော လက်ချောင်းများဖြင့် တဒေါက်ဒေါက် ခေါက်နေတော့သည်။ ဆေးလိပ်မီးခိုးများ နောက်ကွယ်မှ သူမမျက်နှာကို ကျွန်တော် ငေးကြည့်မိသည်။ သူမ၏ နှုတ်ခမ်းများမှာ ပိရိ၍ ပါးလွှာပုံရ၏။ ဆေးရောင်ခြယ်မထားသော်လည်း အနီသွေး ကြွနေ၏။ (နောင်တွင် ထိုနှုတ်ခမ်းများ ပူနွေးနေကြောင်းကိုပါ ကျွန်တော်သိခဲ့ရ၏။ ဤအကြောင်းများကို နောင်၌ အလျဉ်းသင့်လျှင် ကျွန်တော်ဖော်ပြသွားပါမည်။)နှာတံမှာ ဖြောင့်စင်း၍ အနည်းငယ် ချွန်ထက်သယောင် ထင်ရ၏။ မျက်လုံးများကတော့ ဝိုင်းဝိုင်းစက်စက်ပါပဲ။ လှသည်။ ဖရိုဖရဲ ဝဲကျနေသော ဆံစများကို ဆွေ့ခနဲ ခါယမ်းလိုက်ရင်

‘ဒီလိုရှင့် ကျွန်မ ဒီအိမ်ရောင်းမယ် ကြားလို့’

‘ဒါနဲ့... ရှင်က အိမ်ရှင်လား’

ကျွန်တော်လည်း ဤတစ်ခါမှ ဦးခေါင်းကို ယမ်းပြဖြစ်တော့သည်။

‘ကျွန်မကလဲ ထင်တော့ ထင်ပါတယ်လေ။ အောက်ထပ်အခန်းမှာ သော့ခတ်ထားတာတွေ့လို့ အပေါ်တက်လာခဲ့တာ’

‘ကျွန်တော်က အိမ်ရှင် မဟုတ်ပါဘူး၊ ဒီအိမ်မှာ နေတဲ့လူပါ’

‘ခင်ဗျား ဒီလိုနေရာကို ဘာစိတ်ကူးများရလို့ ဝယ်ချင်ရတာလဲဗျာ၊ အင်းပါလေ အဘိုးကြီး ခရီးထွက်သွားတယ်ဗျ၊ သူနဲ့ စကားပြောကြည့်ရင်တော့ ခင်ဗျားသိရမှာပေါ့။ ကျွန်တော် ဒီအိမ်မှာနေပေမယ့် ဒီအိမ်အကြောင်း ဘာမှသိပ်မသိဘူး’

‘ရှင်က အိမ်ငှားနေတာလား’

‘ဆိုပါတော့ဗျာ’

‘တစ်လဘယ်လောက်ပေးရသတုံး’

‘အင်း... ကျွန်တော် အိမ်လခပင် မပေးဖြစ်တာ ဘာလိုလိုနဲ့ တော်တော်ကြာသွားပြီဗျ’

သူမထံမှ နောက်ထပ်စကားသံ ထွက်မလာတော့။ ကျွန်တော့်အခြေအနေကို ရိပ်စားမိဟန်တူပါသည်။ ကျွန်တော်နှင့် အဘိုးကြီးဆက်ဆံရေး နည်းနည်းတော့ ကြောင်စီစီနိုင်သည်မှာ အမှန်ပင် ဖြစ်သည်။

ကျွန်တော် ဤအိမ်ကလေးကို ရောက်စကတော့ အခန်းငှားတစ်ယောက် ဖြစ်သည်။ အဘိုးကြီးကို လစဉ်ကျသင့်ငွေပေးချေခဲ့၏။ ဤအိမ်ကလေးမှာ မြို့စွန်အဖျားပိုင်းကျ၏။ ပျင်းရိဖွယ်ကောင်းသော နေရာတစ်ခုဖြစ်သည်။ လမ်းကြားကလေးထဲမှာ လှုပ်ရှားမှုဟူ၍ တစ်နေ့ နှစ်ကြိမ်တခွပ်ခွပ်ဖြတ်သွားသော မြင်းလှည်းတစ်စီးနှင့်ဒယီးဒယိုင် ဖြတ်လျှောက်တတ်သော အရက်သမားအိုကြီးတစ်ဦးသာရှိ၏။ တခွပ်ခွပ်ဖြတ်မောင်းသွားသော မြင်းလှည်းတစ်စီးကို နံနက်စောစောတစ်ကြိမ်၊ ညမိုးချုပ်စတစ်ကြိမ် တွေ့ရ၏။ ဤလမ်းကလေးထဲမှ မြို့ထဲသို့ အငှားလိုက်သော မြင်းလှည်းတစ်စီး ဖြစ်သည်။

တစ်ခါတစ်ရံ ရာသီဥတုကောင်းမွန်သောနေ့များတွင် မြို့ကလေးကို ဖြတ်၍ ပျံသန်းသွားသော လေယာဉ်တစ်စင်းကို ကောင်းကင်ထဲမှာ ယင်ကောင်လေးတစ်ကောင်ကို မြင်ရတတ်၏။ လေယာဉ်အင်ဂျင်စက်သံတိုးသဲ့သဲ့ကိုလည်း လေသင့်ပါက ကြားရတတ်သည်။ အခြားဘာမျှစိတ်ဝင်စားဖွယ်ရာသိပ်မရှိချေ။ (ဤနေရာမှ ခပ်ဝေးဝေးတစ်နေရာရှိ ဘူတာရုံကလေးကတော့ စိတ်ဝင်စားဖို့ ကောင်းလှပါသည်။) တိတ်ဆိတ်ငြိမ်သက်ခြင်း၊ ဝန်းကျင်အနှောင့်အယှက် နည်းပါးခြင်းတို့ကြောင့် ဤနေရာကလေးမှာ နေထိုင်ဖို့ ကောင်းမွန်သော နေရာတစ်ခု ဖြစ်နေပြန်သည်။

အိမ်ရှင်အဘိုးကြီးသည် ကျွန်တော့်ကို တွေ့စအချိန်ကပင် ယုံကြည်စိတ်ချသွားပုံရ၏။ သူနှင့် ကျွန်တော်၏ ဆက်ဆံရေးမှာ အနည်းငယ်ကြောင်စီစီနိုင်သည်မှအပ အဆင်ပြေပါသည်။ သူနှင့် ကျွန်တော်စတင်တွေ့ဆုံခဲ့ကြစဉ်က သူသည် လက်ညှိုးတစ်ချောင်းဖြင့် သူ့မျက်နှာကို သူပြန်ထိုးကာ

‘ဟော့...ဒီမှာမောင်ရင်၊ ဒီမျက်နှာကို သေချာကြည့်စမ်း၊ ဒါအခန်း ငှားစားမယ့်ကောင်ရဲ့ မျက်နှာမျိုးလားကွ’

‘မထင်ပါဘူးခင်ဗျား...ထင်ရာစွတ်ပြောတတ်တဲ့ အဘိုးကြီးတစ်ယောက်ရဲ့ မျက်နှာမျိုးလို့ပဲ ယူဆပါရစေ၊ သို့ပေမယ့် နဖူးကြီးကတော့ လိုအပ်တာထက် ပိုပြောင်နေသလိုပဲခင်ဗျ’

နောက်တော့ ကျွန်တော်တို့နှစ်ယောက် အဆင်ပြေသွားခဲ့ကြသည်။ ယခင်က ကျွန်တော်သည် ဤအိမ်တွင် အခန်းငှားနေထိုင်သူတစ်ဦးဖြစ်သော်လည်း အဘိုးကြီးခရီးထွက်နေချိန်တွင်မူ အခန်းငှားနေသူ တစ်ယောက် မဟုတ်တော့။ ခုချိန်မှာ ကျွန်တော် အိမ်စောင့်တစ်ယောက် ဖြစ်နေပြီ။

‘အိမ်ရောင်းမယ်လို့တော့ ကျွန်တော် မကြားမိဘူးဗျ’

**ဆက်လက်ဖော်ပြပါမည်–**

## ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၂၅)ဆင်းပွဲ ကျင်းပ

**ကန့်ဘလူ မေ ၂၅**

လူငယ်လူရွယ်များနှင့်ဒေသခံပြည်သူများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကွန်ပျူတာပညာရပ်များကို စနစ်တကျ လေ့လာကျွမ်းကျင်တတ်မြောက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၂၅)ဆင်းပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။



ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားပေးခဲ့သော အခြေခံနည်းပညာများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်သင်ယူဖို့လိုအပ်ကြောင်း၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ လုပ်ငန်းခွင်ဝင်ရောက်ရန် ပြင်ဆင်နေကြသော လူငယ်လူရွယ်များအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ကို တစ်ဦးချင်းပေးအပ်ခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀ဦး တက်ရောက်ခဲ့ကာ သင်တန်းကာလတစ်လတွင် Microsoft Word၊ Excel၊ Power Point စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်းနှင့် အဆိုပါသင်တန်းများကို ၂၀၂၃ ခုနှစ်မှ စတင်၍ တစ်လတစ်ကြိမ် ၁၀ဦးဖြင့် သုံးကြိမ်၊ ၂၀၂၄ ခုနှစ်တွင် ခုနစ်ကြိမ်၊ ယခုနှစ်တွင် ယနေ့ထိ သုံးကြိမ် အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၀)

*-*-*-*-*-*

## လူထုအခြေပြုဗဟိုဌာနတွင် Book Club အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းပြုလုပ်

**တောင်တွင်းကြီး မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် စာရေးဆရာမိုးရှင် (I.M.T)ရေးသားသည့် 'သူစိတ်ခတ်ကျတိုင်းဖတ်ဖို့' စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက ကျင်းပသည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ Book Club အဖွဲ့ဝင်များ၊ Women Club အဖွဲ့ဝင်များ၊ စာဖတ်ပရိသတ်များဖြင့် စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမိုးရှင်း (I.M.T) ရေးသားသည့် 'သူစိတ်ခတ်ကျတိုင်းဖတ်ဖို့' စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Book Club အဖွဲ့ဝင် ဒေါ်လှဖြူဝင်းက 'စိတ်အာဟာရကို စာဖတ်ခြင်းဖြင့် ဖြည့်စွက်ပါ'၊ 'မနက်ဖြန်တွေ အဓိပ္ပာယ်ရှိပါစေ'၊ 'အကောင်းမြင်တတ်အောင် လေ့ကျင့်ပါ' စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက မိမိတို့၏ အမြင်များကို ချစ်ခင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးကြသည်။

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အသိပညာဗဟုသုတ တိုးပွားစေရန်၊ စာကြည့်တိုက်နှင့် ပိုမိုရင်းနှီးကျွမ်းဝင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းများ၊ ပြပွဲပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ၊ အသိပညာပေး (Talk Show)များအား လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(မိသနိုးမြေ)**

## စာအုပ်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး မေ ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းစာကြည့်တိုက်သို့ စာအုပ်စုပေါင်းလှူဒါန်းပွဲကို မေ ၂၃ရက် နံနက် ၁၀နာရီခွဲက ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌရုံးခန်း၌ ကျင်းပသည်။



စာအုပ်လှူဒါန်းရာတွင် မဟာအောင်မြေမြို့နယ်၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)က သုတရသ စာအုပ် ၂၈အုပ်၊ ဆရာအိုးဝေ(မြေနီကျင်း)က သုတရသ စာအုပ် ငါးအုပ်၊ ဆရာမန်းမြေမှ (ပန်းသပြေ)က သုတရသစာအုပ် သုံးအုပ် လှူဒါန်းရာ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ငြိမ်းငြိမ်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်အား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)(၀၅၀)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယဉ်ကျေး

## ကျေးလက်ဒေသဖွံ့ဖြိုးကြ

* လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလှ
ကျေးလက်က တောင်သူတွေ
ထုတ်ကုန်တွေ နှစ်ဆတိုးဖို့
ကြိုးစားကြပေ။

* ချိန်ခါမီ စိုက်ပျိုးလေ
နည်းပညာတွေ လွှန်မြင့်မား
အတတ်ပညာရှာဖွေကြည့်မှ
သိမြင်ကြွယ်သား။

* လျှပ်စစ်မီး ထိန်ထိန်ညီးလို့
သွယ်တန်းစီးရောင်စဉ်ဖြာ
သီးနှံတွေ ကြိတ်ကာခွဲ
ဖွဲ့ရှိပေတာ။

* ခေတ်မီလို့ သက်သာစေ
ဝင်ငွေတိုးပေ တိုကြိုးစား
မျိုးဆက်သစ်တွေ အားမာန်ဝင့်လို့
တင့်လျက်စေသား။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## ရွှေလှျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ဇမ္ဗူသီရိ မေ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်သမဝါယမရုံး၌ အခမဲ့ငှားရမ်းပေးခဲ့သည်။

ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရေး၊ စာပေမှရရှိသည့် အသိပညာဗဟုသုတများ တိုးပွားစေရေးနှင့် စာပေဖတ်ရှုသည့် အလေ့အထများ ရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများအရောက် လိုက်လံငှားရမ်းပေးခြင်းအပြင် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*




*-*-*-*-*-*-*

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်း ဘူတာအကြား ကုန်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲခြင်းကြောင့် ရထားလမ်းချော်ကျမှုဖြစ်ပွား



နေပြည်တော် မေ ၂၅

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ပဲခူး- မော်လမြိုင်လမ်းပိုင်း၌ သဲဖြူးကုန်းမှ ကလီခရီးစဉ်အဖြစ် ထွက်ခွာလာသည့် အမှတ်(၆၈၇) အဆန် ကျောက်ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာမှ နံနက် ၅ နာရီ ၁၀ မိနစ်တွင်ထွက်ခွာပြီး သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၃/၂၃-၂၄ အရောက် ရထား ခုတ်မောင်းဖြတ်သန်းစဉ် နံနက် ၈ နာရီ ၄၅ မိနစ်တွင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားတွဲဆိုင်းတွင် ပါရှိသော စက်ခေါင်းနှင့်အတူ စက်ခေါင်းရှေ့ မိုင်းကာတွဲ၊ စက်ခေါင်းနောက်ကပ်လျက် စက်ခေါင်းမောင်းနားနေတွဲနှင့် ကျောက်တွဲငါးတွဲတို့ လမ်းချော်ကျမှု ဖြစ်ပွားကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်း ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် သိမ်ဆိပ်နှင့် ဒုံဝန်းရထားလမ်းပိုင်းအား နံနက် ၈ နာရီ ၅၁ မိနစ်တွင် လမ်းပိုင်းအား ခေတ္တပိတ်သိမ်း၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သိမ်ဇရပ်ဘူတာသို့ ရောက်ရှိရပ်နားထားသည်။ ထို့အတူ မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ်(၈၂) အစုန်ရထားသည် ယနေ့ နံနက် ၉ နာရီ ၇ မိနစ်တွင် သဲဖြူကုန်းဘူတာသို့ ရောက်ရှိရပ်နားထားသည်။ မြန်မာ့မီးရထားက အဆိုပါရထားများအား ခရီးအစဘူတာများဖြစ်သည့် ရန်ကုန်နှင့် မော်လမြိုင်ဘူတာသို့ပြန်လည်ထွက်ခွာပြီး ခရီးသည်များအား လက်မှတ်ခများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း (၈၂)ကြိမ် ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၁၇၆)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# ဧရာဝတီမြစ်ရေကို စုပ်ယူသည့် အမှတ်(၈)ရေတွန်းစက်ရုံ၊ ရေယူအဆောက်အအုံမှ ရေတင်ပိုက်လိုင်းများပျက်စီးမှု ပြင်ဆင်ဆောင်ရွက်ပြီးစီး



**မန္တလေး မေ ၂၅**

ဧရာဝတီမြစ်ရေကို စုပ်ယူသည့် ၂၂လမ်း၊ ဧရာဝတီမြစ်ကမ်းဘေးရှိ အမှတ်(၈)ရေတွန်းစက်ရုံ၊ ရေယူအဆောက်အအုံ (Pontoon) မှ ရေတင်ပိုက်လိုင်းများသည် မေ ၁၇ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ မိုးရွာသွန်းခဲ့မှုကြောင့် ရေတင်ပိုက်လိုင်းများ၏အထိုင်များ ပျက်စီးသွားခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်လာသော မြေသားအက်ကြောင်းများအတွင်း မိုးရေများစီးဆင်းသွားခြင်းနှင့် နောက်ဆက်တွဲ ငလျင်များ လှုပ်ခတ်မှုကြောင့် မြစ်ကမ်းပါး မြေသားပြိုကျမှုနှင့်အတူ ရေတင်ပိုက်လိုင်းအထိုင်များ ပျက်စီးမှုများကို ပြင်ဆင်လျက်ရှိရာ မေ ၂၅ ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း ယင်းဌာန တာဝန်ရှိသူက ပြောသည်။

"မေ ၁၇ ရက် ညက မိုးသည်းထန်စွာ မိုးရွာပြီးတဲ့နောက် ရေတင်ပိုက်လိုင်းအထိုင်တွေ ပျက်သွားသလို၊ ပိုက်လိုင်းလမ်းကြောင်းတွေလည်း ပျက်စီးသွားတယ်။ နောက်ရက်မှာ ချက်ချင်း ပြင်ဆင်မှုတွေ စတင်ဆောင်ရွက်ပါတယ်။ မိုးရေတွေက မြေသားအက်ကြောင်းထဲ စီးဆင်းသွားလို့ ပိုက်လိုင်းအထိုင်တွေ ပျက်စီးတော့ Floating Tank တွေ ပြန်လည်ဆယ်တင်ပြီး နေရာပြန်ချဖို့ Long Arm နဲ့ ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်" ဟု ၄င်းက ပြောသည်။

ဆောင်ရွက်သည့် လုပ်ငန်းစဉ်များမှာ ပထမဦးစွာ Pontoon များကို အထိုင်ပြန်ချခြင်း၊ အထိုင်ပျက်စီးသည့် ပိုက်လိုင်းများ ဖယ်ရှားပြီး၊ ပိုက်လိုင်းများသွယ်တန်းရန် ပိုက်လိုင်းကြောင်း မြေသားကမ်းပါးပြင်ခြင်း၊ ထို့နောက် Floating Tank များ နေရာချထားခြင်းနှင့် ပိုက်လိုင်းများ ပြန်ဆက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အမှတ်(၈)ရေတွန်းစက်ရုံ၊ ရေယူအဆောက်အအုံမှ တစ်ရက်လျှင် ရေဂါလန်တစ်သန်းခွဲခန့် စုပ်ယူပြီး အမှတ်(၈)ရေတွန်းစက်ရုံသို့ ပို့ဆောင်ပေးကြောင်း၊ ထိုရေများကို ရေသန့်စင်ပြီး မန္တလေးတောင်ပေါ်နှင့် အမှတ်(၈)ရေတွန်းစက်ရုံ(မလွန်)သို့ တင်ပို့ပေးကာ မြို့နေလူထုအတွက် သောက်သုံးရေဖြန့်ဝေခြင်းနှင့် ကျူးရေဖြည့်တင်းပေးခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၂ | - | ၀ | လက်စတာ |
| ဖူလ်ဟမ် | ၀ | - | ၂ | မန်စီးတီး |
| လီဗာပူး | ၁ | - | ၁ | ပဲလေ့စ် |
| မန်ယူ | ၂ | - | ၀ | ဗီလာ |
| နယူးကာဆယ် | ၀ | - | ၁ | အဲဗာတန် |
| နော်တင်ဟမ် | ၀ | - | ၁ | ချဲလ်ဆီး |
| ဆောက်သမ်တန် | ၁ | - | ၂ | အာဆင်နယ် |
| စပါး | ၁ | - | ၄ | ဘရိုက်တန် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၀ | - | ၄ | အက်သလက်တီကို |
| ဗီလာရီးရဲလ် | ၄ | - | ၂ | ဆီဗီလာ |

**အသက်သည် သွေး၊ သွေးသည် အသက်။**

# ငလျင် အသိ၊ သတိနှင့် ကြိုတင်ပြင်ဆင်မှု

**ဦးသိန်းတင်**

မန္တလေးငလျင်နှင့်စပ်လျဉ်း၍ ၂၀၂၅ခုနှစ်၊ မေ ၁၅ ရက်ထုတ် CHINA DAILY သတင်းစာတွင် PREPAREDNESS A PRIORITY ဟု အမည်ပေးထားသည့် ခေါင်းစီးဖြင့် သတင်းဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုရပါသည်။ ယင်းဆောင်းပါးနှင့်စပ်လျဉ်း၍ CHINA DAILY သတင်းစာ၏ Editor's Note တွင် ကြိုတင်ပြင်ဆင်မှုသည် မည်သည့်အတွက် အဓိကကျကြောင်း မှတ်ချက်ပေးထားသည်ကိုလည်း သတိပြုမိပါသည်။

မန္တလေးငလျင်မှာ အလွန်ပြင်းထန်သော ငလျင် Massive Earthquake တစ်ခုဖြစ်ကြောင်း၊ ငလျင်၏ပြင်းအား (7.7 Magnitude) ရှိပြီး အနက် Shallow Depth of the Origin မှာ (about 10 Kilometers) (၁၀ ကီလိုမီတာ)၌ လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် ငလျင်တစ်ခုဖြစ်ကြောင်း၊ ငလျင်၏ပြင်းအားမှာ ဟီရိုရှီးမားကို ကြဲချခဲ့သည့် အဏုမြူဗုံးထက် အဆ ၃၃၀ ပြင်းအားရှိကြောင်း ဖော်ပြထားသည်။

**ပြတ်ရွေ့ Fault Lines**

ငလျင်သည် ပြတ်ရွေ့နှင့် ဆက်စပ်နေကြောင်း၊ မြန်မာနိုင်ငံတွင် စစ်ကိုင်းပြတ်ရွေ့ Sagaing Fault ရှိနေပြီး အိမ်နီးချင်းနိုင်ငံများ၌လည်း (Chittagong Coastal Fault, Main Frontal Thrust Fault, Dauki Fault, Oldham Fault, Madhupur Fault, Sylhet Fault) ဟူသည့် ပြတ်ရွေ့ကြောများ ရှိနေကြောင်း၊ စစ်ကိုင်းပြတ်ရွေ့မှာ လွန်ခဲ့သော နှစ် ၁၀၀ အတွင်း ငလျင်ကြီး ကိုးကြိမ်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

**ဖော်ပြပါပြတ်ရွေ့များ၌ ငလျင်ကြီးတစ်ကြိမ်လှုပ်ပြီးနောက် Recurrence Intervals ဟု ခေါ်သည့် ကြားကာလမှာ နှစ်ပေါင်း ၂၀ မှ ၅၀ အထိ ကြာမြင့်ကြောင်း၊ အချို့မှာ နှစ်ပေါင်း ၂၀၀ မှ ၅၀၀ အထိပင် ကြာမြင့်နိုင်ကြောင်း၊ အဆိုပါပြတ်ရွေ့များသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့အပေါ် သက်ရောက်မှုရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ ဆာကာဝပ်ဟိုဆိန်း (Sakawat Hossain) က ၎င်း၏ သုတေသနပြု တွေ့ရှိချက်အား ကိုးကား ဖော်ပြထားသည်။**

ငလျင်သည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ယင်း၏ သဘောသဘာဝမှာ ကြိုတင်သိရှိနိုင်သော သို့မဟုတ် ကြိုတင်ဟောကိန်းထုတ်၍ ရနိုင်သော အရာမဟုတ်ကြောင်း၊ တစ်ဖက်တွင် ဖော်ပြပါဒေသများ၌ တည်ရှိနေသော ပြတ်ရွေ့ကြောများမှာ သက်ဝင်လှုပ်ရှားမှုရှိနေသည်ကို သတိပြုရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

**ဆောင်ရန်၊ ရှောင်ရန် ကိစ္စရပ်များ**

မန္တလေး၊ နေပြည်တော်၊ ဘန်ကောက်၊ ခတ္တမန္ဒူ၊ ကိုးလ်ကတ္တား၊ ဒါကာ အစရှိသည့် မြို့ကြီးများတွင် အဆောက်အအုံအများစုမှာ မြေပြန့်ဒေသနှင့် အောက်ခံမြေသားပျော့သည့် Flatlands and Soft Sediment ပေါ်၌ တည်ဆောက်ထားကြသဖြင့် ငလျင်ကြီးများ ဖြစ်ပေါ်ခဲ့သည်ရှိသော် ထိခိုက်ဆုံးရှုံးမှုအန္တရာယ် ပို၍များပြားနိုင်ကြောင်း၊ ထို့ပြင် မြေငလျင်ဒဏ်ကြောင့် မြေအောက်မှ ရေထုပွင့်ထွက်ခြင်း၊ မြေထု၏ ပုံသဏ္ဌာန်ပြောင်းလဲသွားခြင်းတို့မှာလည်း စိုးရိမ်ဖွယ်ရာ အခြေအနေများပင်ဖြစ်ကြောင်း၊ သို့ဖြစ်ရကား ယင်းဒေသများ၌ ကြိုတင်ပြင်ဆင်မှုများကို မဖြစ်မနေဆောင်ရွက်ထားရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်ရကား လူဦးရေ ထူထပ်သော မြို့ကြီးများတွင် ငလျင်အန္တရာယ်ကျရောက်လာခဲ့သည်ရှိသော် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားရန်လိုအပ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုကိုလည်း ဆောင်ရန်၊ ရှောင်ရန် အချက်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလှုပ်ရှားမှုများ ပြုလုပ်ထားရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

တစ်ဖက်တွင် ပြည်သူလူထုအနေဖြင့် ငလျင်နှင့်ပတ်သက်ပြီး "ဘာတွေလုပ်ထားရမလဲ၊ ဘာတွေကြိုတင်ပြင်ဆင်ထားရမလဲ" ဆိုသည်ကို တစ်ဦးချင်းစီက အသိ၊ သတိရှိနေရန် လိုအပ်ကြောင်း။

လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန် ရေးသားပြောဆိုမှုများမှာ အများပြည်သူတို့ကို အထိတ်တလန့်ဖြစ်အောင် မရိုးမသား ပြုလုပ်မှုများဖြစ်သောကြောင့် ထိရောက်စွာ တားဆီးအရေးယူရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

**ဌာနဆိုင်ရာများသို့ အကြံပြုချက်**

ဌာနဆိုင်ရာများအနေဖြင့် စဉ်ဆက်မပြတ်သော နိုးကြားသတိရှိမှု လိုအပ်ပါကြောင်း၊ ငလျင်နှင့်ပတ်သက်၍ သတင်းအချက်အလက်မှန်များရယူထားရန် လိုအပ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်း Rescue Equipment များနှင့် ကယ်ဆယ်ရေးစခန်းများ အရန်သင့်ရှိစေရန် ကြိုတင်စီမံထားသင့်ကြောင်း၊ အကြီးစားယန္တရားကြီးများကိုလည်း အသင့်ရှိစေရန် စီမံဆောင်ရွက်ထားသင့်ကြောင်း၊ ငလျင်ဖြစ်ပေါ်လာပါက ပြတ်တောက်လေ့ရှိသော လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေးကွန်ရက် စသည်တို့ကို ပြတ်တောက်မှုမရှိစေရန် ကြိုတင်စီမံထားရမည်ဖြစ်ကြောင်း။

ထို့ပြင် အဆောက်အအုံများ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ Building Codes ကိုလည်း စိစစ်ပြင်ဆင်ကာ Updated ပြုလုပ်ထားရန် လိုအပ်ကြောင်း၊ စီမံကိန်းအသစ်များနှင့် လုပ်ငန်းသစ်များကို တည်ဆောက်ရာ၌ ငလျင်ဒဏ်ခံနိုင်သောတည်ဆောက်မှု Earthquake Resistant Establishment ဖြစ်စေရန် စိစစ်ကြီးကြပ်ပေးရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင် အဆောက်အအုံဟောင်းများကို ပြန်လည်မွမ်းမံပြင်ဆင်ခြင်း Retrofitting ပြုလုပ်စေရမည်ဖြစ်ပြီး တတ်မြောက်ကျွမ်းကျင်သော အင်ဂျင်နီယာများနှင့် ပညာရှင်များ၏တွေ့ရှိချက်၊ အကြံပြုချက်များကို အလေးဂရုပြုကာ ထိရောက်သေချာမှုရှိသော စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒများ ချမှတ်ရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်ရကား ငလျင်အန္တရာယ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှု၊ ငလျင်ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်မှု၊ အများပြည်သူကို အသိပညာပေးမှုတို့မှာ အလွန်အရေးကြီးကြောင်း၊ အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက မည်ကဲ့သို့ ရင်ဆိုင်ကျော်လွှားရမည်ဆိုသော အသိ၊ သတိအား ပြည်သူလူထုကို အသိပညာ ဖြန့်ဝေပေးမည့် အစီအစဉ်များ ပြုလုပ်ပေးရန် လိုအပ်သကဲ့သို့ ကျောင်းသူ၊ ကျောင်းသားများကိုလည်း ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်ကြောင်း။

အနှစ်ချုပ်ရသော် ငလျင်အန္တရာယ်ကို ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုသည် အဓိကဦးစားပေး PREPAREDNESS A PRIORITY ဖြစ်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မည်သည့်အချိန်၊ မည်သည့်နေရာ၌ မည်သို့သောပုံစံဖြင့် ငလျင်ကျရောက်မည်ကို ကြိုတင်မသိရှိနိုင်သော်လည်း Recurrence Intervals ဟူသော ကြားကာလတစ်ရပ်မှာ အမှန်တကယ်ရှိနေသဖြင့် အထူးကြောက်လန့်စိုးရိမ်နေရန် မဟုတ်ပါ။ အသိ၊ သတိနှင့် ကြိုတင်ပြင်ဆင်မှုတို့ဖြင့် ငလျင်အန္တရာယ်ကို ရင်ဆိုင်ကျော်လွှားကြရမည်သာဖြစ်ပါသည်။ တို့အတူ အများပြည်သူအား ခြောက်လှန့်ရာရောက်သည့် မမှန်မကန် ရေးသားပြောဆိုမှုများမှာ ရာဇဝတ်မှုမြောက်သောကြောင့် ပြည်သူလူထုအား အကြောက်တရား လွှမ်းမိုးဖိစီးစေမှု Panic မဖြစ်စေသင့်ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အတည်ပြု ထုတ်ပြန်ပေးနေသည့် သတင်းအချက်အလက်များကိုသာ အမှန်ဟု ယုံကြည်သင့်ပါကြောင်း စေတနာမှန်ဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။



## လူထုအခြေပြုဗဟိုဌာနတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပွင့်ဖြူ မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ မေ ၂၃ ရက် နံနက် ၁၁ နာရီက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်)နှင့် ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ကလေးငယ်များ၏ အနာဂတ်ဘဝဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရမည့် လုပ်ငန်းတာဝန်များ၊ ကလေးငယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ၊ ပညာသင်ယူခွင့်ဆိုင်ရာ အခွင့်အလမ်းများ၊ ကလေးငယ်များဘဝလုံခြုံစေရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ လေ့လာဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များပြသခြင်း၊ နံရံကပ်စာစောင်ပြသခြင်းတို့ကိုဆောင်ရွက်ပေးရာ တက်ရောက်လာသည့် ပြည်သူများက စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၄၄၅)**

## ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ကွင်းဆင်းဆောင်ရွက်

**ဆီဆိုင် မေ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို မေ ၂၃ရက် နံနက် ၉နာရီက ပါလောပါကယ်ကျေးရွာအုပ်စု၊ ဆိုက်ခေါင်ကျေးရွာရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးလှိုင်၊ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များတို့က လာရောက်ကြည့်ရှုခဲ့ကြပြီး ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဒေသခံပြည်သူများအတွက် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၂ကတ်အား ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ဒေသခံပြည်သူများထံသို့ ပေးအပ်ခဲ့ကြပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဘန်းယဉ်ကျေးရွာအုပ်စု၊ ကွန်နားကျေးရွာ၌ ဒေသခံပြည်သူများအား Biometric ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# ဓာတ်မြေဩဇာအရောင်းဆိုင်များ စည်းကမ်းချက်များနှင့်အညီ လိုက်နာမှု ရှိ ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ကျေးသီး မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာအရောင်းဆိုင်များ စည်းကမ်းချက်များနှင့်အညီ လိုက်နာမှု ရှိ၊ မရှိ၊ ရောင်းချခွင့်လိုင်စင် ရှိ၊ မရှိ၊ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ကျေးသီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဓာတ်မြေဩဇာ အရောင်းဆိုင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ သုံးစွဲသူပြည်သူများအား သတ်မှတ်ချက်နှင့်အညီ အသုံးပြုနိုင်စေရန်၊ ချမှတ်ထားသော စည်းကမ်းချက်များအား အလေးထားလိုက်နာဆောင်ရွက်စေရန် အသိပညာပေး ပြောကြားခဲ့ပြီး လိုအပ်ချက်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးစပါးနှင့် အခြားသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ကလော မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် မေ ၂၀ ရက် နံနက်ပိုင်းမှစတင်၍ ကလောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၁၅)အုပ်စုနှင့် ပင်လောင်းမြို့ ကျေးရွာအုပ်စု(၆)အုပ်စုရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၅ ခုနှစ် မိုးစပါးနှင့် အခြားသီးနှံ စိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကလောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဒေါ်မိုင်ဇလပ်ဖြူက စိုက်ပျိုးရေးတောင်သူများအား စိုက်ပျိုးရေးချေးငွေနှင့် ပတ်သက်၍ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များအကြောင်း အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေးရာတွင် ယခင်နှစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါးနှင့်အခြားသီးနှံ စိုက်ပျိုးထုတ်ချေးငွေ ၁၀၃၆၅ ဒသမ ၅၀ သိန်းကို ထုတ်ချေးပေးခဲ့ပြီး ယခုနှစ် ၂၀၂၅-၂၀၂၆ခုနှစ်တွင် ကလောမြို့နယ်နှင့် ပင်လောင်းမြို့နယ်ရှိ ကျေးရွာအုပ်စု(၂၁) အုပ်စုကို ၁၀၅၂၀ ဒသမ ၀၀ သိန်း ထုတ်ချေးရန်လျာထားပါကြောင်း၊ မေ ၂၀ ရက်တွင် ကလောမြို့နယ်ရှိ ငုံးသုံကျေးရွာအုပ်စုရှိ တောင်သူ ၂၇ ဦး၊ သူရဲကျေးရွာအုပ်စုရှိ တောင်သူ တစ်ဦး၊ ဝက်ဖြူရေကျေးရွာအုပ်စု သုံးဦး၊ စုစုပေါင်း ၃၁ ဦးကို မိုးစပါးနှင့် အခြားသီးနှံများအတွက် ၂၆၀ ဒသမ ၅၀ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ကျန်ရှိနေသော ကျေးရွာများကိုလည်း ရက်သတ်မှတ်၍ အလှည့်ကျထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ကလောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေး

**ကံမ မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၅၂) အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ယမန်နေ့ နံနက် ၁၀ နာရီမှ စတင်ထုတ်ပေးခဲ့ရာ သာဇီကျေးရွာအုပ်စုမှ တောင်သူ ၅၃ ဦးတို့၏ မိုးစပါးစိုက်ဧက ၁၃၂ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၉၈ သိန်းကို ထုတ်ပေးခဲ့သည်။**(အပေါ်ပုံ)**

ထိုသို့ထုတ်ပေးရာတွင် ကံမမြို့နယ်၌ ငွေကျပ် သိန်းပေါင်း ၃၀၀၀၀ ကို ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါးစိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း မြေပဲ၊ နှမ်း အစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင် တောင်သူများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**ဇော်ထက်(သရက်)**

# အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင် လျှောက်ထားနိုင်

**မန္တလေး မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်(ဧပြီ၊ မေ၊ ဇွန်)လအတွက် အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင် တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အသက်(၈၅)နှစ်နှင့်အထက် လူမှုရေးပင်စင် လျှောက်ထားရာတွင် (၁၃၀၁ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်)မတိုင်မီ မွေးဖွားသူ၊ (၁၀-၃-၁၉၄၀)ရက် ရှေ့ပိုင်း မွေးဖွားသူ ဖြစ်ရမည်။ လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) အိမ်ထောင်စုစာရင်းမိတ္တူ၊ (၄" × ၆") အရွယ်ဓာတ်ပုံ၊ ငွေထုတ်ယူမည့် ကိုယ်စားလှယ်(သား၊သမီး၊မြေး)၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူဖြင့် သတ်မှတ်လျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ကြီးကြပ်မှုအောက်ရှိ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးများသို့ ၂၀၂၅ ခုနှစ် မေ ၃၁ ရက် နောက်ဆုံးထားစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(၀၄၅)**

*-*-*-*-*-*-*

# မေလအတွက် ပင်စင်လစာငွေများ မြန်မာ့စီးပွားရေးဘဏ်များတွင် ထုတ်ပေး

**မန္တလေး မေ ၂၅**

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်များတွင် ရုံးဖွင့်ရက် ၂၁ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် ဘဏ်ဖွင့်ရက်များတွင် လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ ပင်စင်လစာငွေကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်း၊ ATM စာရင်းဖွင့်၍ ATM စက်မှထုတ်ယူခြင်း၊ Myanmar Mobile Money စနစ်နှင့် Wave Money စနစ် အသုံးပြု၍ နီးစပ်ရာအေးဂျင့်များတွင်လည်း ထုတ်ယူနိုင်သည်။

မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ ပင်စင်လစာငွေ စတင်ထုတ်ပေးသည့်ရက်တွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းများ မဖြစ်ပေါ်စေရေးအတွက် ဘဏ်ခွဲများတွင် ငွေပေးကောင်တာများ တိုးချဲ့ခြင်း၊ မေလအတွက် ပင်စင်လစာထုတ်ယူရမည့်ရက်နှင့် အချိန်သတ်မှတ်ထားသည့် တိုကင်များကို ပင်စင်စားများထံ ဖြန့်ဝေပေးခဲ့ပြီး အငြိမ်းစားများ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းထုတ်ယူရန်မလိုဘဲ တိုကင်တွင် ဖော်ပြထားသော ဘဏ်ဖွင့်ရက်နှင့် အချိန်တွင် လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ခြင်း၊ Centralized/ ePension စနစ်ဖြင့် မန္တလေးမြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘဏ်ခွဲ ၁၆၆ ခုတို့တွင်လည်း ထုတ်ယူခအခမဲ့ဖြင့် ပြောင်းလဲထုတ်ယူနိုင်ကြရာ မန္တလေးမြို့သို့ ယာယီရွှေ့ပြောင်း နေထိုင်လာကြသော အငြိမ်းစားများလည်း ဘဏ်ခွဲများတွင် စနစ်တကျ ထုတ်ယူနေကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**



# မြို့နယ်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့ ဆေးကုသခြင်းများ ဆောင်ရွက်

**အောင်လံ မေ ၂၅**



မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အောင်လံမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ဆေးကုသခြင်းများကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ဘိုးဘွားရိပ်သာ၊ ပရဟိတဆေးခန်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးသန်းက သဘာဝဘေးအန္တရာယ်များအကြောင်း ပြောကြားခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဘိုးဘွား ၁၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆေးစစ်ခြင်း၊ ဆေးထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဆေးဝါးများ အခမဲ့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် မြစ်သားမြို့နယ်အတွင်း ပြက္ခရွေတောင်တက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၅-၆-၂၀၂၅ (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက် - ၂၆-၆-၂၀၂၅ (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(ဂ) တင်ဒါပုံစံတင်သွင်းမည့်နေ့ရက် - ၂၇-၆-၂၀၂၅ (သောကြာနေ့) ရုံးချိန်အတွင်း
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ဧည့်ရိပ်သာဆောက်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၅-၆-၂၀၂၅ (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက် - ၂၆-၆-၂၀၂၅ (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(ဂ) တင်ဒါပုံစံတင်သွင်းမည့်နေ့ရက် - ၂၇-၆-၂၀၂၅ (သောကြာနေ့) ရုံးချိန်အတွင်း
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**



သန့်
ရှင်း
သာယာ
မန္တလာ
ပိုင်းဝန်း
ထိန်းသိမ်းပါ။


## သာစည်မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၅ မိုးရာသီတွင် လူထုဖြန့်စိုက်ပျိုးရန် ပျိုးပင် ၇၅၀၀၀ ပျိုးထောင်ထားရှိ

**သာစည် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၅ မိုးရာသီတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူလူထုသို့ ဖြန့်ဝေစိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၇၅၀၀၀ ကို မြို့မ(လူထုဖြန့်)ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးအောင်ကျော်စိုးထံမှ သိရ သည်။

ပျိုးထောင်ထားရာတွင် ဒေသနှင့်ကိုက်ညီသည့် ကုလားကုက္ကို ၁၃၀၀၀၊ တမာ ၈၀၀၀၊ ယူကလစ် ၁၅၀၀၀၊ မဲဇလီပင် ၁၁၀၀၀၊ ဇီး ၅၅၀၀၊ မန်ကျည်း ၅၄၀၀၊ စိန်တံချူ ၁၀၀၀၊ ဗာဒံပင် ၂၄၀၀၊ စိန်ပန်း ၅၀၀၀၊ တပေဘူတ ၂၅၀၀၊ မာတာကွပ် ၂၅၀၀ နှင့် ဆီးဖြူ ၃၇၀၀ စသည့် သစ်ပင်မျိုးစုံ ၁၂ မျိုးကို ပျိုးထောင်ထားကာ မိုးရာသီအကြိုနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များ၊ ဌာနဆိုင်ရာများမှ စိုက်ပျိုးခြင်းများ၊ တပ်ရင်းတပ်ဖွဲ့များမှ စိုက်ပျိုးခြင်းများနှင့် ပြည်သူလူထုသို့ ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရပြီး ၂၀၂၅ ခုနှစ် ဘက်စုံသုံးစိုက်ခင်း ၆၀၀၀ ပင်နှင့် တစ်ရွာနှစ်ဧကကျေးရွာ လေးရွာ၌ ၂၄၀၀ ပင် စုစုပေါင်းအပင် ၈၄၀၀ ဖြန့်ဝေစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

(၄၈၇)

၀-၀-၀-၀-၀-၀-၀



## နွေစပါးလျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်း

**မြို့သစ် မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးရန် ၅၉၅၅ ဧက လျာထားရာ ၅၉၆၀ ဧကအထိ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြို့သစ်မြို့နယ်တွင် တောင်သူများ နွေစပါးစိုက်ပျိုးရာတွင် ရေရရှိရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် နတ်မောက်ဆည်ရေလှောင်တမံမှ ၃၉၆၀ ဧက၊ ပုလင်းဆည်ရေလှောင်တမံမှ ၇၈၉ ဧက၊ စွန်ဆည်ရေလှောင်တမံမှ ၆၁၈ ဧက၊ ဆဒ္ဒန်ဆည်ရေလှောင်တမံမှ ၅၉၃ ဧက စုစုပေါင်း ၅၉၆၀ဧကအထိ ရေပေးဝေနိုင်ခဲ့သည်။

မြို့သစ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ ဒေသနှင့် ကိုက်ညီသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းပညာပေး ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရာတွင် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ မြေဆီမြေဩဇာအချိုးကျမှန်ကန်စွာ သုံးစွဲနိုင်ရေးနှင့် လိုအပ်သည့် နည်းပညာများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## နွေစပါး၊ နွေနှမ်း၊ ဟင်းသီးဟင်းရွက်နှင့် ကျွဲ၊ နွားစာအပါအဝင် နွေသီးနှံမျိုးစုံ ၅၂၇၁၅ ဧက စိုက်ပျိုး



**ကျောက်ဆည် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ဆည်၊မြောင်း၊ချောင်း၊ကန် ပေါများပြီး သီးနှံများစိုက်ပျိုးရာ၌ ရေရရှိရေးနည်းလမ်းဖြင့် အဓိကထား စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် နွေစပါး၊ နွေနှမ်း၊ ဟင်းသီးဟင်းရွက်နှင့် ကျွဲ၊ နွားစာ အပါအဝင် နွေသီးနှံမျိုးစုံ ၅၂၇၁၅ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နွေသီးနှံများစိုက်ပျိုးရာတွင် နွေစပါး ၄၉၃၂ ဧက၊ နွေနှမ်း ၄၄၂၀၆ ဧက၊မိုးကြိုပဲတီစိမ်း ၃၂၉၆ ဧက၊ မိုးကြိုရေတ် ၁၀၃ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါဧက ၁၀၀၊ ဟင်းသီးဟင်းရွက် ၂၂ဧက၊မိုးကြိုနေကြာ ခြောက်ဧက၊ ကျွဲ၊နွားစာဧက ၅၀၊ စုစုပေါင်း ၅၂၇၁၅ ဧက စိုက်ပျိုးထားရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးရာတွင် တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်စိုက်ပျိုးမှုညှိနှိုင်းရေးအဖွဲ့မှ တောင်သူများနှင့်တွေ့ဆုံပြီး ညှိနှိုင်းစိုက်ပျိုးလျက်ရှိကြောင်းနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ၊ စိုက်နည်းစနစ်များ၊ ရိတ်သိမ်းခြွေလှေ့နည်းများကို စနစ်တကျ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၅)

## တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပန်းအလှပင်များနှင့် အရိပ်ရသစ်ပင်များ စိုက်ပျိုး

**တောင်တွင်းကြီး မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်အတွက် ပန်းအလှပင်နှင့် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်းကို ယမန်နေ့ညနေပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပန်းအလှပင်များ စိုက်ပျိုးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက မကွေး - တောင်တွင်းကြီး ကားလမ်းမကြီး လမ်းဘေး ဝဲ၊ ယာနှင့် မြို့အဝင်ဆိုင်းဘုတ်ရှေ့တို့တွင် ပန်းအလှပင်များဖြစ်သည့် အိန္ဒိယစက္ကူပန်းပင်များ၊ ဂျပန်စက္ကူပန်းပင်များအား မြေကျင်းတူးခြင်း၊ ပန်းခုံချခြင်း၊ ပန်းပင်များစိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်မှုရှိစေရန်အဖွဲ့ပိုင်ရေသယ်မော်တော်ယာဉ်ဖြင့် ရေလောင်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အရိပ်ရအပင်များ စိုက်ပျိုးခြင်းနှင့်အတူ ဒေသခံပြည်သူတို့၏ ကျန်းမာရေးနှင့် ညီညွတ်စေရန် မြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်နေ ပြည်သူများ၏ စွန့်ပစ်ပစ္စည်းများအား အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် နေ့စဉ်သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အောက်ပုံ)

**နောင်နောင် (ဗိုသနိုးမြေ)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည် ဆိုပါက ၎င်းနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်း မြင့်မားလာမည်ဖြစ်...


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် (၁၅)ကြိမ်မြောက် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်နှင့် (၁၆)ကြိမ်မြောက် Modular(prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၂၅

မန္တလေး မြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၅)ကြိမ်မြောက်လှူဒါန်းသည့်အောက်တိန်း (92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန် တင်ဆောင်လာသော MT YU DONG သင်္ဘောသည် မေ ၂၃ ရက် နံနက် ၂ နာရီခွဲက သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့ လည်းကောင်း၊ (၁၆)ကြိမ်မြောက် လှူဒါန်းသည့် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ တင်ဆောင်လာသော MV.Orient Glory သင်္ဘောသည် ယမန်နေ့ ညနေ ၄ နာရီက သီလဝါ(MITT) ဆိပ်ကမ်းသို့ လည်းကောင်း ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၆ သို့ ❊




## ပြင်သစ်ဖလား ချန်ပီယံဆုကို ပီအက်စ်ဂျီအသင်း (၁၆)ကြိမ်မြောက် ဆွတ်ခူး

ပါရီ မေ ၂၅


ပီအက်စ်ဂျီအသင်းသည် အသင်းသမိုင်းတစ်လျှောက် ပြင်သစ်ဖလား ချန်ပီယံဆုအား စံချိန်တင် (၁၆)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

(အောက်ပုံ)

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရမ်းစ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို (၁၆)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ပီအက်စ်ဂျီအသင်းအတွက် အဖိုးတန် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၁၆ မိနစ်နှင့် ၁၉ မိနစ်တွင် ဘာကိုလာ၊ ပွဲချိန် ၄၃ မိနစ်တွင် ဟာကီမီတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြင်သစ်လီဂူးချန်ပီယံဆု၊ ယခု ပြင်သစ်ဖလား ချန်ပီယံဆုအပြင် ဥရောပ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်ထားပြီး ဇွန် ၁ ရက်တွင် အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။




(NGB)

## ကစားသမားဟောင်းဖြစ်သူ အလွန်ဆိုအား နည်းပြသစ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်း ခန့်အပ်

မက်ဒရစ် မေ ၂၅

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် အသင်းကစားသမားဟောင်းဖြစ်ခဲ့ဖူးသူ နည်းပြ အလွန်ဆိုအား ခန့်အပ်ခဲ့သည်။

အဆိုပါ နည်းပြသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် နည်းပြသစ် အလွန်ဆို၏ မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည်။

နည်းပြ အလွန်ဆိုသည် ၂၀၀၉မှ ၂၀၁၅ခုနှစ်အထိ ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ကစားသမားဘဝအား ဖြတ်သန်းခဲ့ပြီး စပိန်လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလား၊ ကိုပါဒယ်ရေးဖလားတို့အား ရယူနိုင်ခဲ့ဖူးသည်။




ထို့ကြောင့် နည်းပြ အလွန်ဆိုအနေဖြင့် ကစားသမားဘဝတွင် အောင်မြင်မှုများရယူထားသည့်အတိုင်း ယခုနည်းပြဘဝတွင်လည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားဦးမည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)